ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ တနင်္လာနေ့ (20-5-2013) (၇၄၈၆)

ယနေ့ မာတိကာ
ကျွန်တော် ဂိုတင်ဂင်တွင် ဒဏ်ရိုက်ခံခဲ့ရစဉ်က — စာမျက်နှာ ➢ ၂
ကိုယ်ပိုင်ယောဂသင်တန်းဖွင့်လှစ်လိုတဲ့ ဒမ်မီမိုး၏ — စာမျက်နှာ ➢ ၁၂
ဒူးနှင့် ရင်၊ ရင်နှင့် ဒူး — စာမျက်နှာ ➢ ၁၄

# အမေရိကန်နိုင်ငံရောက် မြန်မာတိုင်းရင်းသားများအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်



နေပြည်တော် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ဝါရှင်တန်မြို့ရှိ မြန်မာသံရုံး၌ အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်၊ မေရီလန်းပြည်နယ်နှင့် ဝါရှင်တန်မြို့တို့တွင် ရောက်ရှိနေသည့် မြန်မာမိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။(ဓါတ်ပုံ)

နိုင်ငံတော်သမ္မတကပြောကြားရာ၌ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိချိန်မှစပြီး နိုင်ငံရေး၊ လူမျိုးရေးအရ သဘောထားကွဲပြားမှုများကြောင့် လက်နက်ကိုင် ပဋိပက္ခများပေါ်ပေါက်ခဲ့ကြောင်း၊ အဆိုပါပဋိပက္ခများကြောင့် နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်မှု မရှိသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလည်း နောက်ကျကျန်ခဲ့ရကြောင်း။

အစိုးရအဆက်ဆက်လက်ထက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိခြင်းနှင့် စီမံခန့်ခွဲမှုစနစ်များ အားနည်းခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုမှာ ထင်သလောက် မရရှိခဲ့ကြောင်း။

မိမိတို့အစိုးရတာဝန်ယူချိန်တွင် ပြည်သူများ၏ဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရရှိရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ရာသီဥတုကောင်းမွန်မှု၊ သယံဇာတကြွယ်ဝမှု၊ မြေဆီသြဇာကြွယ်ဝမှု စသည့် ရေခံမြေခံကောင်းများရှိသကဲ့သို့ တရုတ်၊ အိန္ဒိယတို့ကဲ့သို့သောအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးနေသည့် ဈေးကွက်ကြီးများနှင့်လည်း ဆက်စပ်နေသဖြင့် စာမျက်နှာ ၃ ကော်လံ ၁ သို့

အများပြည်သူ ဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်းကို စာမျက်နှာ ၇၊ ၉၊ ၁၀ တွင် ဖော်ပြထားပါသည်။

## ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှုပမာဏ ကမ္ဘာ့လေထုလွှာအတွင်း စံချိန်တင်မြင့်တက်

ဘာသာပြန် သတင်းလုလင်

ဟိုနိုလူလူ မေ ၁၉

ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှုပမာဏသည် စံချိန်တင်မြင့်တက်နေကြောင်း အမေရိကန်ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက သတိပေးလိုက်ကြသည်။

ဟာဝိုင်ယီကျွန်းရှိ အမေရိကန်ရာသီဥတုလေ့လာရေးစခန်းမှ သိပ္ပံပညာရှင်များသည် ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှု ပမာဏကို လေ့လာလျက်ရှိသည်။

ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှုသည် မေ ၉ ရက် တိုင်းထွာချက်အရ ပီပီအမ် ၄၀၀ အထိ ရောက်ရှိနေသည်ကို တွေ့ရှိရသည်။ ပီပီအမ်(Parts Per Million)သည် လေထု၊ ရေထုအတွင်း ပါဝင်သော ညစ်ညမ်းစေသည့် အရာဝတ္ထုများစုဝေးမှုကို တိုင်းတာသည့် ယူနစ်တစ်ခုဖြစ်သည်။

ကမ္ဘာ့လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပါဝင်မှု ပီပီအမ် ၄၀၀ ဟူသော ကိန်းဂဏန်းသည် အလွန်မြင့်မားသည့် ကိန်းဂဏန်းဖြစ်ပြီး ထို့ထက်ဆိုးရွားလာခြင်းမရှိစေရန် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိပ္ပံပညာရှင် ဂျိမ်းစ်ဘတ်တလာက ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့





ကြေးမုံစာတည်းရှုထောင့် ၂၀-၅-၂၀၁၃၊ တနင်္လာနေ့

# သမိုင်းတွင်မည့် နိုင်ငံတကာ ဆက်ဆံမှု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အလုပ်သဘောခရီးအဖြစ် မေလ ၁၈ ရက်နေ့ နံနက်ပိုင်းက အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်သည် မြန်မာ-အမေရိကန် နှစ်နိုင်ငံသမိုင်းတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ ခန့်က နှစ်နိုင်ငံခေါင်းဆောင်တို့ တွေ့ဆုံခဲ့ပြီးနောက် ယနေ့မြန်မာထိပ်တန်းခေါင်းဆောင်တစ်ဦး ပထမဦးဆုံး အမေရိကန်သမ္မတတစ်ဦးနှင့် တွေ့ဆုံသည့် ခရီးစဉ်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးနှင့်အတူ လိုက်ပါသွားကြသော မြန်မာအစိုးရအဖွဲ့ခေါင်းဆောင်များကို အမေရိကန်သမ္မတ အိုဘားမားက မေလ ၂၀ ရက်နေ့ (ယနေ့)တွင် အိမ်ဖြူတော်၌ ကြိုဆိုလက်ခံမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာရေးနှင့် တိုင်းရင်းသားရေးရာများ ဖြေရှင်းနိုင်ရေး၊ ပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများ ဆောင်ကြဉ်းနိုင်ရေးတို့အတွက် ကျန်ရှိနေသေးသော စိန်ခေါ်မှုများစွာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီးနှင့် ဆွေးနွေးနိုင်ရန် အမေရိကန်ပြည်ထောင်စုအနေဖြင့် မည်သို့ကူညီနိုင်မည်ကို ညှိနှိုင်းရှာဖွေရန်သမ္မတ အိုဘားမားက မျှော်လင့်ထားကြောင်း အမေရိကန်အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးအတွင်းရေးမှူးရုံးက မေလ ၁၅ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ အမေရိကန်နိုင်ငံခရီးစဉ်သည် ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်လျက်ရှိသော အစိုးရများအား အားပေးထောက်ခံရန်နှင့် ကူညီပံ့ပိုးပေးရန် သမ္မတအိုဘားမားက ကတိပြုထားခြင်းနှင့်ပတ်သက်ရာ ယခုခရီးစဉ်သည် မြန်မာနိုင်ငံအတွက် အကျိုးသက်ရောက်မှုရှိသော ခရီးစဉ်ဖြစ်သည်။

မြန်မာပြည်သူ ပြည်သားများအနေဖြင့် အမေရိကန်နိုင်ငံ၏ ထူးခြားမှုရှိသော အလားအလာကောင်းများကို အပြည့်အဝရရှိခံစားနိုင်ရေးအတွက် မြန်မာနိုင်ငံအား ပံ့ပိုးကူညီပေးမည့်အစိုးရ၏ သန္နိဋ္ဌာန်ချထားမှုကို သမ္မတကြီးခရီးစဉ်က မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် မြန်မာအစိုးရဖော်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ပြည်သူ့လွှတ်တော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းဆောင်များ၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန်အတွက် ထောက်ခံအားပေးခဲ့ကြောင်း ဆိုထားသည်။

တစ်ဆက်တည်းတွင် ၂၀၁၄ ဘတ်ဂျက်၌ မြန်မာနိုင်ငံအတွက် ထောက်ပံ့ကူညီမှုအား အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၅ သန်းအထိ တိုးမြှင့်ပေးသွားမည်ဟု ယာယီလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးယွန်းက ထည့်သွင်းပြောကြားထားသည်။

အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားသည် ၂၀၁၂ ခုနှစ်နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် နိုင်ငံတော်သမ္မတကြီးနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပြီး ယခုအိမ်ဖြူတော်တွင် သမ္မတကြီးနှင့် ထပ်မံတွေ့ဆုံနိုင်ခြင်းဖြစ်ရာ နှစ်ပေါင်း ၅၀ ခန့်အတွင်း ပြန်လည်ဖြစ်ထွန်းလာသည့် မြန်မာ-အမေရိကန်ဆက်ဆံမှုသမိုင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ဒီမိုကရေစီဖော်ဆောင်နေသော အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ပြန်လည်မြှင့်တင်နိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် အစိုးရသစ်၏ သက်တမ်းနှစ်နှစ်တာ ကာလအတွင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်နိုင်မှုများကို တုံ့ပြန်သောအားဖြင့် အီးယူက လက်နက်ရောင်းဝယ်မှုကို နဂိုအတိုင်းထားပြီး ကျန်ကိစ္စရပ်များကို ရုပ်သိမ်းပေးခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့်လည်း တစ်ဆင့်ချင်း တက်လှမ်းနေသည့် မူဝါဒအရ ကဏ္ဍအသီးသီးတွင် ကူညီထောက်ပံ့မှုများကို ပေးနိုင်သကဲ့သို့ အမေရိကန်နိုင်ငံ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ယခုသမ္မတကြီး ခရီးစဉ်မှတစ်ဆင့် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်မိသည်။

မြန်မာ-အမေရိကန် သမိုင်းတွင်မည့် ဆက်ဆံမှုများသည် မြန်မာနိုင်ငံ၏ လက်ရှိဖော်ဆောင်နေသော ပွင့်လင်းမြင်သာမှုနှင့် ထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကြောင့် ပေါ်ထွက်လာသောအကျိုးရလဒ်ကောင်းများဖြစ်ရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် တိုးတက်မှုများ ဆက်လက်ဖြစ်ထွန်းနေဦးမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။



## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၅-၂၀၁၃ (တနင်္လာနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၄၅ | မြန်မာ့ရှုခင်း |
| ၆း၅၅ | မြန်မာသံစဉ် ချိုနားဝင် |
| ၇း၃၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၄၀ | သူတို့နဲ့သူတို့ အကြိုက် |
| ၈း၃၀ | Shopping အစီအစဉ်များ |
| ၄း၁၀ | စိုက်ပျိုးသုတ |
| ၄း၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၅ | ဗွီစီဒီကျော်ကြားတေး |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (ဒုတိယတွဲ) (အပိုင်း-၁၀၄) |
| ၆း၁၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချိုမြိန်သောဘဝ (အပိုင်း-၁၀) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသ သတင်း -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခွင့်ရချင်ပြီ" (အပိုင်း-၁၅) -Mini Series |

# ကျွန်တော် ဂိုတင်ဂင်တွင် ဒဏ်ရိုက်ခံခဲ့ရစဉ်က

ဝင်းချစ် (အမျိုးသားစာပေဆုရ)

စာရေးသူ ဂျာမနီနိုင်ငံ ဂိုတင်ဂင်တက္ကသိုလ်သို့ သုတေသနလေ့လာရေးခရီး သွားရောက်ခွင့်ရရှိခဲ့စဉ်က ဖြစ်ပါသည်။ စာရေးသူတို့ နေထိုင်သည့်အဆောင်နှင့် ဂိုတင်ဂင်တက္ကသိုလ်သို့ လမ်းလျှောက်သွားလျှင် နာရီဝက်ခန့်ဖြင့် ရောက်နိုင်သော်လည်း တစ်ခါတစ်ရံ သုညအောက် ရောက်သည်အထိ အေးတတ်သောရာသီဥတုကြောင့် မိမိတို့၏ အသက်အရွယ်အရ ဘတ်စ်ကားဖြင့် သွားမှသင့်တော်မည်ဖြစ်သောကြောင့် ဘတ်စ်ကားကို လပေးလက်မှတ်ဝယ်ပြီး စီးခဲ့ကြပါသည်။ လပေးလက်မှတ် တစ်စောင်လျှင် ၃၇ ယူရို (၁ အိုင်ရို=၁. ၁၅ US$ ခန့်) ပေးရပါသည်။ သာမန်ကားပေါ်ရောက်မှ လက်မှတ်ဝယ်စီးလျှင် တစ်စောင်ကို ၁. ၆ အိုင်ရို ပေးရပြီး၊ တစ်နာရီအတွင်း မည်သည့်ဘတ်စ်ကားမဆို ပြောင်းစီးခွင့်ရှိပါသည်။ နောက်ထပ် ငွေပေးရန် မလိုပါ။ ယင်းလက်မှတ်ကိုပင် တစ်ခါတည်း လေးငါးဆယ်စောင် ကြိုဝယ်ထားလျှင် ၁. ၂ အိုင်ရိုသာ ပေးရပါသည်။ လပေးလက်မှတ်ဖြင့် မြို့တွင်းပြေးဆွဲနေသည့် မည်သည့်ဘတ်စ်ကားမဆို တက်စီးခွင့်ရှိပါသည်။ စီးခွင့်ရှိသည့် အကြိမ်ကိုလည်း ကန့်သတ်မထားသဖြင့် တနင်္ဂနွေနေ့များတွင် ဘတ်စ်ကားလိုင်းပေါင်းစုံစီးပြီး မရောက်ဖူးသည့်နေရာများသို့ သွားလည်လေ့ရှိပါသည်။ ဘတ်စ်ကား စီးရာတွင် လက်မှတ်ပြရန် မလိုပါ။ ၎င်းတို့ ဘတ်စ်ကားများတွင် လက်မှတ်ရောင်းသူ မပါ ပါ ယာဉ်မောင်းက ရောင်းပေးပါသည်။

တစ်ရက်တွင် မှတ်မှတ်ရရ ၉-၅-၂၀၀၃ ရက်နေ့ တောတွင်းသို့ ဘွဲ့လွန် (Graduate) ကျောင်းသား ကျောင်းသူ များနှင့်အတူ လေ့လာရေးခရီးသွားရောက်ရန်ရှိသဖြင့် နံနက် ၇ နာရီ ၃ မိနစ်တွင် ထွက်သည့် ဘတ်စ်ကားဖြင့် ကျောင်းသို့သွားရာ မြို့လယ်သို့ ရောက်ခါနီး လက်မှတ်စစ်(အသက် နှစ်ဆယ်အစိတ်ခန့်) မိန်းကလေးတစ်ဦး ဘတ်စ်ကားပေါ်သို့ တက်လာပါသည်။ ဘတ်စ်ကားပေါ်၌ လိုက်ပါလာသူများ လက်မှတ်များ ထုတ်ပြကြသည့်အခါတွင်မှ စာရေးသူ၏ လပေးလက်မှတ်ကို ဘောင်းဘီအိတ်အတွင်း နှိုက်ကြည့်ရာ မပါမှန်း သိပါတော့သည်။ ဘတ်စ်ကားစီးခဲ့သည်မှာ တစ်လကျော်ပြီ။ လက်မှတ်စစ်ဖြင့် တစ်ခါမှ မဆုံခဲ့ဖူးသလို မိမိ အနေဖြင့်လည်း ယခင်က လက်မှတ်မေ့ကျန်ခဲ့သည့်နေ့ မရှိခဲ့။ တိုက်တိုက်ဆိုင်ဆိုင် ကြုံတတ်ပါပေ့။ ကားပေါ်တွင်လည်း ကျောင်းတက်ကြမည့် အထက်တန်းကျောင်းသူ ကျောင်းသားများက အပြည့်၊ မည်သည့်ဆင်ခြေပေးမည်နည်း။ လက်မှတ်စစ်သည့် မိန်းကလေးရောက်လာပါပြီ။ လက်မှတ်မေ့ကျန်ခဲ့ကြောင်း၊ စာရေးသူ၏ မိတ်ဆွေကို လက်ညှိုးထိုးပြပြီး သူ့လိုပင် မိမိတွင် လပေးလက်မှတ်ရှိကြောင်း ပြောပြပါသည်။ လက်မှတ်စစ်က စာရေးသူတွင် အထောက်အထား တစ်ခုခု ပါ၊ မပါ မေးပါသည်။ စာရေးသူတွင် မည်သည့်စာရွက်မှ မပါ ပါ အလွန်မေ့တတ်သော မိမိအကျင့်ကို သိသဖြင့် Passport ကိုလည်း သွားလေရာ ယူသွားလေ့မရှိပါ။ မည်သည့်အထောက်အထားစာရွက်မျှမပါကြောင်း ပြောပြရာ၊ ပိုက်ဆံပါသလား မေးပါတယ်။ ပိုက်ဆံတော့ပါ ပါသည်။ ကင်မရာဝယ်ရန် ထည့်ထားသည့် ငွေတစ်ရာကျော် ရှိပါသည်။ စာရေးသူလည်း ဝမ်းပန်းတသာဖြင့် ငွေများကို ထုတ်ပြပါသည်။ ယင်းမိန်းကလေးက သူနှင့်အတူပါလာသည့် တခြားလက်မှတ်စစ်တစ်ဦးနှင့် ဆွေးနွေးပြီး စာရေးသူတွင် မည်သည့်အထောက်အထားမျှ မပါသဖြင့် ကားပေါ်၌ပင် ဒဏ်ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ မဟုတ်လျှင် ရုံးသို့သွား၍ ဒဏ်ဆောင်ရမည်ဖြစ်ကြောင်း၊ (ယင်းမိန်းကလေးသည် အင်္ဂလိပ်စကားကို ချောမောစွာ ပြောနိုင်ပါသည်) ယူရို ၄၀ ဆောင်ရမည်ဖြစ်ကြောင်း ပြောပါသည်။ (ယင်းပြေစာကို ယနေ့ထိ သိမ်းထားပါသည်။)

စာရေးသူ ဒဏ်ဆောင်လိုက်ရသည့် ယူရို ၄၀ အတွက် နှမြောမိသည်မှာ အမှန်ပါ။ သို့ရာတွင် လက်မှတ်စစ် မိန်းကလေး၏ ယဉ်ကျေးစွာ ဆက်ဆံပုံ၊ တာဝန်ကို လေးစားစွာ ထမ်းဆောင်သွားပုံတို့ကို အလွန်အားကျမိပါသည်။ သူ့အား လစာပေးထားသည့် ဘတ်စ်ကားကုမ္ပဏီမှ ဘတ်စ်ကားများတွင် ခရီးသည်များလက်မှတ်မဲ့ မစီးရဲအောင် စစ်ဆေးပေးရန်မှာ သူ၏အဓိကတာဝန်ဖြစ်ပြီး တာဝန်ကို ကျေပွန်မှသာ ၎င်းအား အလုပ်ပေးထားသည့် ကုမ္ပဏီတိုးတက်မည်ဖြစ်ပါသည်။

နောက်တစ်လခန့်အကြာ ထိုမိန်းကလေးနှင့် စာရေးသူ၏ မိတ်ဆွေတို့ ဘတ်စ်ကားပေါ်၌ ဆုံမိကြရာတွင် စာရေးသူ၏ မိတ်ဆွေက "ဟိုတစ်ခေါက် ဒဏ်ရိုက်ခံရသည့်သူမှာ သူ့ မိတ်ဆွေဖြစ်ကြောင်း၊ 'မြန်မာနိုင်ငံမှ ပါမောက္ခ' တစ်ဦးဖြစ်ပြီး သူ့တွင် လပေးလက်မှတ်ရှိကြောင်း၊ ဒဏ်ရိုက်ခံရသည့်နေ့ကမှ တိုက်တိုက်ဆိုင်ဆိုင် လက်မှတ်မေ့ကျန်ခဲ့ခြင်းဖြစ်ကြောင်း" ရှင်းပြရာမိန်းကလေးက "သူသိကြောင်း၊ အဲဒီနေ့က ဘတ်စ်ကားပေါ်တွင် အထက်တန်းကျောင်းသား ကျောင်းသူ လူငယ်များ ရှိနေကြောင်း၊ သူတို့ကို လက်မှတ်မပါဘဲ၊ လက်မှတ်မဝယ်ဘဲ စီးလျှင် ဤသို့ ဒဏ်ရိုက်ခံရမည်ဖြစ်ကြောင်း နမူနာကောင်းပြလိုက်ခြင်းဖြစ်ကြောင်း" ပြောပါသည်။

စာရေးသူအနေဖြင့် မိမိ၏ တာဝန်နှင့်ဝတ္တရားကို မျက်နှာကြီး၊ မျက်နှာငယ် မရွေး ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိက အရေးပါကြောင်း ပိုမိုသဘောပေါက် နားလည်လက်ခံခဲ့မိပါသည်။ ။



ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိ

နေပြည်တော် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘော ခရီးသွားရောက်ရန်အတွက် မေ ၁၇ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မေ ၁၈ ရက် နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကိုရီးယားလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မေ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသန်းဆွေနှင့် သံရုံးဝန်ထမ်းများ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် Four Seasons ဟိုတယ်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဝါရှင်တန်မြို့ရှိ အမေရိကန်သမ္မတဟောင်း အေဘရာဟင်လင်ကွန်းအထိမ်းအမှတ်အဆောက်အအုံကို သွားရောက်ကြည့်ရှုလေ့လာသည်။

**(သတင်းစဉ်)**






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ အမေရိကန်သမ္မတဟောင်း အေဘရာဟင်လင်ကွန်းအထိမ်းအမှတ်အဆောက်အအုံ၌ ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

**❐ ရှေ့ဖုံးမှ**

မိမိတို့အားလုံးဝိုင်းဝန်းကြိုးပမ်းပါက ၁၉၆၀ ခုနှစ် မတိုင်မီက အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံ ရပ်တည်နိုင်ခဲ့သည့် အဆင့်အတန်းကို ပြန်လည်ရရှိလာမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းဆောင်ရွက်နေချိန်တွင် အမေရိကန်နိုင်ငံရောက် မြန်မာတိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့တတ်ကျွမ်းသည့်ပညာများဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရန်ဖိတ်ခေါ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပြည်ပရောက်မြန်မာနိုင်ငံသားများ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဦးသန်းငွေ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာသံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီး ဦးသန်းဆွေ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦးကျော်တင်၊ စစ်သံမှူး ဗိုလ်မှူးကြီးမြင့်သိန်းနှင့် သံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နေမှုများ၊ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာ၌ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲနေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

**● ကာဗွန်ဒိုင်အောက်ဆိုဒ်မှ**

တောင်ဝင်ရိုးစွန်းကဲ့သို့သော ဒေသ၏ လေထုလွှာအတွင်းမှာပင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ပါဝင်မှု ပီပီအမ် ၄၀၀ အထိရှိနေသည်ကို လေ့လာတွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့သည် ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် မော်လီကျူးတစ်ခုသည် ကမ္ဘာ့လေထုလွှာအတွင်း နှစ်ရာပေါင်းများစွာကြာမြင့်သည်အထိ တည်ရှိနေနိုင်ကြောင်း၊ လူ့ပယောဂကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ တိုးလာခြင်း မရှိစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

(သတင်းစဉ်)





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံ ချင်းမိုင်လေဆိပ်သို့ ရောက်ရှိရာ ချင်းမိုင်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ကျလန်လစ် ဆန်ဝမ်စဝ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင့်ဝေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

*** ဒုတိယသမ္မတမှ**

အခမ်းအနားတွင် ထိုင်းနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး H.E. Mr. Preecha Rengsomboonsuk က အဖွင့်မိန့်ခွန်းပြောကြားပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Plodprasop Suraswadi က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တာဂျစ်ကစ္စတန်နိုင်ငံသမ္မတ H.E. Mr. Emomalii Rahmom နှင့် ဟန်ဂေရီသမ္မတ၏ အထူးကိုယ်စားလှယ် Dr. Gabor Baranyai တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် အခမ်းအနားကို ခေတ္တရပ်နားပြီး အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးမျက်နှာစုံညီအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။ အဆိုပါအစည်းအဝေးကို မေ ၂၀ ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။

ပထမအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ Bappu မြို့၌ ၂၀၀၇ ခုနှစ်တွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသူများနှင့်အတူ ချင်းမိုင်မြို့ရှိ Wiang Kum Kam Historical Site ၌ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ချင်းမိုင်မြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)



# နိုင်ငံတော်အစိုးရအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံသည်များကို ကူညီဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Chung Hong- won အား မေ ၁၉ ရက် ညနေ ၃ နာရီတွင် ချင်းမိုင်မြို့ရှိ ခေတ္တတည်းခိုသည့် Imperial Hotel ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် (၃၈)နှစ်ကြာ သံတမန်ဆက်ဆံမှုရှိခဲ့သော မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင် တည်ဆောက်လိုမှု၊ ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေမှု၊ အထူးသဖြင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ ဟံသာဝတီ လေဆိပ်တည်ဆောက်ရေးစီမံကိန်း၊ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလိုမှု၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကိုရီးယားသမ္မတနိုင်ငံမှ အတွေ့အကြုံများကို မျှဝေပြီး အကူအညီများ ပေးသွားလိုမှု၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံသည်များကို ကူညီဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယသမ္မတနှင့် အတူ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ကဆုန်ညောင်ရေသွန်းပွဲ သန်လျင်မြို့၌ ကျင်းပမည်

**ရန်ကုန် မေ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ (၆၆)ကြိမ်မြောက် သန်လျင်မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၂၄ ရက်(သောကြာနေ့) ကဆုန်လပြည့်နေ့တွင် သန်လျင်မြို့ မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**တင်မောင်ငွေ(သန်လျင်)**

# ရာစုဥဒါန်းစာကြည့်တိုက် နှစ်ပတ်လည် ကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ ရာစုဥဒါန်းစာကြည့်တိုက် စာပေနှစ်ပတ်လည် အခမ်းအနားကို မေ ၁၁ ရက် ည ၇ နာရီက ဗိုလ်ချုပ်ကျေးရွာ ရွာလယ်ဓမ္မာရုံစင်မြင့်၌ကျင်းပရာ ကျောင်းသားကျောင်းသူလေးများ စကားရည်ပြောပြိုင်ပွဲ ဆင်နွှဲခြင်း၊ သန်လျင်စာရေးဆရာများဖြစ်ကြသည့် မောင်ညိုမှိုင်း(သန်လျင်)၊ သန်လျင်မောင်မောင်ဦး၊ သန်လျင်မောင်ဝင်းဝါတို့က စာပေရေးရာများကို ဟောပြောကြကြောင်းနှင့် သန်လျင်ကာတွန်းပညာရှင်များဖြစ်ကြသည့် ကာတွန်းချစ်ဆွေ၊ ကာတွန်းမြင့်သိန်း(စံရွှေမြင့်)၊ ကာတွန်းအောက်တိုဘာအောင်ကြီး၊ ကာတွန်းအီကွေတာတို့၏ ကာတွန်းလက်ရာများကိုလည်း ပြသကြောင်းသိရသည်။ **(၆၀၈)**

# ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေး ဆွေးနွေး

**ကလော မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့နယ်ခန်းမတွင် ရတနာမြေလူမှုဖွံ့ဖြိုးရေးအသင်းမှ စီစဉ်ဆောင်ရွက်သည့် ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆွေးနွေးပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီကကျင်းပသည်။

ဘာသာပေါင်းစုံကိုယ်စားလှယ်များက ဘာသာအလိုက် ဆွေးနွေးကြပြီး ကလောမြို့ ဂုဏ်ထူးဆောင်တိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တကောဏ္ဍညဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် "ကလောမြို့ ဘာသာပေါင်းစုံ ကူညီစောင့်ရှောက်ရေးအဖွဲ့" ကို ဖွဲ့စည်းကြသည်။ **(၂၃၄)**

# လုံခြုံမှုရှိရေး ယာဉ်အကြီးစား ပြင်ဆင်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ အကျဉ်းသားများကို သယ်ယူပို့ဆောင်ပေးလျက်ရှိသော အချုပ်ကားများအား တစ်စီးလျှင် ကျပ် ၂၈ သိန်းအကုန်အကျခံ အကြီးစားပြင်ဆင်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြင့်ထွေးက ပြောကြားခဲ့သည်။

"လက်ရှိအသုံးပြုနေတဲ့အချုပ်ကားတွေက လေဝင်လေထွက်စနစ်နဲ့ ကားတစ်စီးမှာ လူဘယ်နှယောက် တင်ဆောင်ရမယ်ဆိုတာ သတ်မှတ်ထားသင့်တယ်"ဟု ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဇော်မင်းက ထောက်ပြပြောဆိုခဲ့သည်။

အကျဉ်းသားသယ်ယူပို့ဆောင်ပေးလျက်ရှိသော အချုပ်ယာဉ်များအား အကြီးစားပြုပြင်မွမ်းမံခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုမှ အချုပ်ယာဉ် ၂၂ စီးကို ပြုပြင်မွမ်းမံသွားမည်ဖြစ်သည်။

"လတ်တလော အကြီးစားပြင်ဆင်မှုတွေ လုပ်ဆောင်နေပါတယ်၊ ပြင်ဆင်ဖို့အတွက် ရန်ပုံငွေကျပ် သိန်း ၂၀၀ ရရှိတယ်၊ ကားဘော်ဒီဆေးမှုတ်တာတွေ၊ ကြမ်းခင်းတွေကို ပြင်ဆင်နေပါတယ်၊ အခုလို လုပ်ဆောင်ရတာဟာ တရားခံထွက်ပြေးမလွတ်မြောက်ဖို့နဲ့ လုံခြုံမှုရှိစေဖို့အတွက် ဖြစ်ပါတယ်"ဟု ရဲမှူးမြင့်ထွေးက ပြောသည်။ **သိန်းဆွေ(သယ်နှင်းကျွန်း)**

# ရှက်သစ်ဝေချိန်နှင့်အတူ နှလုံးရွှင်ပြီး ပီတိဖုံးစေမည့် နေပြည်တော် သတ္တဋ္ဌာနဆီသို့

စေတနာမောင်



သတ္တဋ္ဌာနပရိဝုဏ်ကို အမြင့်တစ်နေရာမှ တွေ့မြင်ရစဉ်။

အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ရှိ ဗုဒ္ဓဂယာသည်ကား သံဝေဇနိယ လေးဌာနတွင်ပါဝင်သည့် မြတ်စွာဘုရားအဆူဆူတို့၏ ပွင့်တော်မူရာ ဌာနထူးဖြစ်ပါသည်။ ထို့ပြင် ဗုဒ္ဓသာသနာဝင်တို့အတွက် အထူးအရေးပါသည့် အထွတ်အမြတ်ထားရာနေရာ တစ်နေရာလည်းဖြစ်ပါသည်။ အချို့ပုဂ္ဂိုလ်များအနေဖြင့် အိန္ဒိယနိုင်ငံသို့သွားရောက်ဖူးမြော်နိုင်ကြသော်လည်း အများစုမှာ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်ဖူးမြော်ရန် ခက်ခဲလျက်ရှိပြီး ဖူးမြော်လိုသည့်ဆန္ဒလည်း ပြင်းပြလျက်ရှိကြပါသည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာဝင်အများစုအနေဖြင့် ဗုဒ္ဓဂယာသို့ ကိုယ်တိုင်ရောက်ရှိ ဖူးမြော်ခွင့်ရရှိသကဲ့သို့ ပြည်တွင်း၌ပင် လွယ်လင့်တကူ ဖူးမြော်နိုင်ရန်အတွက် ဗုဒ္ဓဂယာ၌ သတ္တသတ္တာဟခုနစ်ဌာနတို့ တည်ရှိသည့်အတိုင်း နေပြည်တော်၌ ပုံစံတူ တည်ဆောက်ခဲ့ပါသည်။

ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ကဆုန်လပြည့်နေ့(မေလ ၂၄ ရက်)တွင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကြီးကို ကျင်းပတော့မည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း သတ္တဋ္ဌာနတည်ထားမှုနှင့်ပတ်သက်၍ အများပြည်သူကြိုတင်သိရှိနိုင်စေရန်နှင့် မျှော်ရည်မှန်းရွယ် ကြည်ညိုသဒ္ဓါပွားနိုင်စေရန် အလို့ငှာ တင်ပြလိုပါသည်။

စာရေးသူသည်လည်း ဗုဒ္ဓဂယာသို့ ရောက်ရှိဖူးမြော်လိုသည့်ဆန္ဒရှိသူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ သို့အတွက်လည်း နေပြည်တော်၌ သတ္တဋ္ဌာနတည်ဆောက်ရေးလုပ်ငန်း စတင်ခဲ့စဉ်ကပင် စဉ်ဆက်မပြတ်ရောက်ဖြစ်ခဲ့ပါသည်။ ထို့ပြင် တာဝန်ရှိသူများနှင့် စကားစမြည်လက်ဆုံကျရင်း တည်ဆောက်ရေးနှင့်ပတ်သက်သည်များကိုလည်း သိခွင့်ရခဲ့ပါသည်။ ကိုယ်တိုင်မျက်မှောက်မြင်တွေ့ခွင့် ရသည့်အတွက် အကြောင်းအရာအစုံစုံကို စာရေးသူသိရှိသမျှ မျှဝေပေးလိုသည့် စိတ်စေတနာသည်လည်း ပေါ်ထွက်ခဲ့ရပါသည်။

နေပြည်တော်တွင် သာသနာရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် တရားစခန်းတစ်ခု တည်ဆောက်ပါက အများအတွက်အကျိုးရှိမည်ဟု သုံးသပ်ပြီး တရားစခန်းတစ်ခု ဆောက်လုပ်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်မှုဖြင့်



ယောဂီဆောင်များနှင့် သာသနာ့ဗိမာန်သွား ချောင်းကူးတံတားနှင့် စင်္ကြံလမ်းများကို တွေ့ရစဉ်။

နေပြည်တော် ဥတ္တရသီရိမြို့နယ် ခွာညိုပန်းအဝိုင်းမှ ၅ မိုင် ၆ ဖာလုံအကွာ နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်း၏ ဝဲဘက်ခြမ်းတွင် သတ္တသတ္တာဟ တရားစခန်းကို တည်ဆောက်နိုင်ခဲ့ပါသည်။ တရားစခန်းသည် ၁၂ ဒသမ ၃၅ ဧကကျယ်ဝန်းပြီး ယင်းမြေပေါ်တွင် လေးမျက်နှာဘုရားလေးဆူနှင့် ရင်ပြင်တော်၊ ပဋ္ဌာန်းဒေသနာတော်စက်ဝိုင်းပုံ ကမ္မဋ္ဌာန်းကျောင်းဆောင် ၂၄ ဆောင်၊ သာသနာ့ဗိမာန် တစ်ဆောင်၊ ဆွမ်းစားဆောင် တစ်ဆောင်၊ ဆွမ်းချက်ဆောင် တစ်ဆောင်၊ ဆရာတော်ကျောင်းဆောင် တစ်ဆောင်၊ ဧည့်ရိပ်သာ တစ်ဆောင်၊ အမျိုးသားနှင့်အမျိုးသမီးယောဂီဆောင် တစ်ဆောင်စီ၊ အများသုံး သန့်စင်ခန်းအဆောက်အအုံ ခုနစ်လုံးတို့ကို ဖွဲ့စည်းတည်ဆောက်ထားပါသည်။

အဆိုပါတရားစခန်းတွင် ယောဂီ ၄၀၀ မှ ၅၀၀ အထိ တစ်ပြိုင်တည်း တရားကျင့်ကြံနိုင်ပြီး ယခုအချိန်အထိ တရားစခန်း လေးကြိမ်ဖွင့်လှစ်ပြီးဖြစ်ပါသည်။ ပထမအကြိမ်တွင် ၁၆၇ ဦး၊ ဒုတိယအကြိမ်တွင် ၁၆၉ ဦး၊ တတိယအကြိမ်တွင် ၂၀၀ နှင့် စတုတ္ထအကြိမ်တွင် ၁၉၀ စုစုပေါင်း ၇၂၆ ဦး တရားအားထုတ် ခဲ့ကြပါသည်။ ယောဂီများ နေပူသက်သာစေရန် စင်္ကြံလမ်း အမိုးများပြုလုပ်ပေးခြင်း၊ အရိပ်ရလေကာပင်များ စိုက်ပျိုးပေးခြင်း၊ ကမ္မဋ္ဌာန်းကျောင်းဆောင်တွင် လေအေးပေးစက်များ၊ ရေပူရေအေးစက်များ၊ ပြင်ပအသံလွှင့်၊ အသံဖမ်းစနစ်(PA System)တပ်ဆင်ပေးခြင်း၊ ရေသန့်စက် တည်ထားပေးခြင်း၊ လျှပ်စစ်ပြတ်တောက်ပါက သုံးနိုင်ရန် ဆိုလာပြားများ တပ်ဆင်ပေးခြင်း၊ အနောက်တိုင်းနှင့် အရှေ့တိုင်းသုံး သန့်စင်ခန်းများလုံလုံလောက်လောက် စီစဉ်ပေးခြင်း၊ အခမဲ့ သက်သတ်လွတ်ကျွေးခြင်း၊ ကြို/ပို့ယာဉ်များ စီစဉ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အကြံပြုစာတိုက်ပုံးထားရှိခြင်းတို့ကို ဆောင်ရွက်ထားသည်ကို တွေ့ရပါသည်။

PA System တပ်ဆင်ထားခြင်းဖြင့် ယောဂီများ ကျောင်းဆောင်အတွင်း နားနေစဉ်တွင် တရားဓမ္မများ နာယူနိုင်ပြီး ယောဂီများသို့ အသိပေးရန်ရှိပါက အလွယ်တကူ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ထို့ပြင် ပတ်ဝန်းကျင် တောတောင်များ စိမ်းလန်းစေရေးအတွက် သစ်တောဦးစီးဌာနနှင့် ညှိနှိုင်း၍ ရေပန်းစနစ်ဖြင့် ရေဖျန်းဆောင်ရွက်လျက်ရှိသည်။ တရားစခန်းတွင် ထေရဝါဒဗုဒ္ဓသာသနာလမ်းစဉ်နှင့် ညီညွတ်သည့် မည်သည့်ဝိပဿနာနည်းဖြင့်မဆို တရားပြခြင်း၊ ကျင့်ကြံအားထုတ်ခြင်းပြုနိုင်ကြောင်းကိုလည်း သိရှိရပါသည်။ ယောဂီကျောင်းဆောင်များကို ထပ်မံတိုးချဲ့ ဆောက်လုပ်သွားရန် အစီအစဉ်ရှိပြီး ယောဂီများ၏အကြံပြုစာများအတိုင်း လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ဤတရားစခန်းသည် အဆင့်မီသည့် တရားစခန်းဖြစ်သည့်အတွက် ပြည်ပမှ ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်သူများ လာရောက်ပါက လက်ခံပေးရန်နှင့် တရားစခန်းဝင်ရောက်မှုအပေါ် ကျေနပ်မှုရှိကြောင်း ယောဂီများ၏ မှတ်ချက်ပြုပြောစကားများကိုလည်း တစ်ဆင့်ကြားသိရပါသည်။

ယင်းတရားစခန်းနှင့် ကပ်လျက်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း မြေဧရိယာ ၃ ဒသမ ၇၄ ဧကအပေါ်၌ ဘေးမဲ့တောဥယျာဉ် တစ်ခုတည်ဆောက်ထား၍ ရွှေသမင်၊ ဒရယ်၊ ဆတ်တို့ကို မွေးမြူထားပြီး သမင်၊ ဒေါင်း၊ ချေ၊ ယုန်တို့ကိုလည်း မွေးမြူသွားရန် အစီအစဉ်ရှိကြောင်း သိရပါသည်။ သပြေစမ်းဆည်သို့ ဆင်းသည့်ချောင်းတွင် ချောင်းကူးတံတားများ တည်ဆောက်ထားသည်ကိုလည်း တွေ့ရပါသည်။

ဗုဒ္ဓဂယာ အထိမ်းအမှတ်အဖြစ် ရွှေဘို၊ ပဲခူးစသည့် မြို့များတွင် တတ်နိုင်သမျှကြိုးစားလုပ်ကိုင်ထားကြသော်လည်း တကယ့်ဗုဒ္ဓဂယာ မသွားနိုင်သူများအတွက် ကိုယ်တိုင်သွားရောက်ဖူးမြော်ရသည့် အရသာအတိုင်း ခံစားနိုင်အောင် ဤတရားစခန်း၏ လမ်းတစ်ဖက်တွင် တကယ့် ဗုဒ္ဓဂယာအတိုင်း တည်ဆောက်ရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ခဲ့သဖြင့် ယခုကဲ့သို့ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီး ပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်ပါသည်။ သတ္တဋ္ဌာနစေတီတော်နှင့်သာသနိကမြေအကျယ်အဝန်းမှာ ၁၈ ဧက ဖြစ်ပါသည်။

သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် သတ္တဋ္ဌာန ခုနစ်ဌာနတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ ဉာဏ်တော် ၁၆၂ ပေရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်၊ အပရာဇိတပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒာအိုင်၊ လင်းလွန်းပင်၊ နားနေဆောင်၊ စာအုပ်ဆိုင်၊ ဘုရားပန်းဆိုင်၊ ဓာတ်ပုံဆိုင်၊ ရေချမ်းစင်၊ ဖိနပ်အပ်ရန်အဆောင်၊ အများသုံးသန့်စင်ခန်းနှင့်တည်းခိုဆောင် တည်ဆောက်ခြင်းတို့ ဖြစ်ပါသည်။

ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ မဆောင်ရွက်မီ လုပ်ငန်းအထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဗိသုကာပညာရှင်များပါဝင်သော လေ့လာရေးအဖွဲ့အား အိန္ဒိယနှင့် နီပေါနိုင်ငံတို့သို့ စေလွှတ်ခဲ့ပါသည်။ ၎င်းအဖွဲ့အနေဖြင့် မြတ်စွာဘုရား၏ သံဝေဇနိယ လေးဌာန၏ တည်နေရာ၊ အကွာအဝေးတို့ကို တိုင်းတာရေးကိရိယာများဖြင့် မှတ်သားကာ မြေပုံထုတ်ခြင်း၊ ဓာတ်ပုံမှတ်တမ်းရိုက်ကူးရယူခြင်းတို့ကို အချိန်တိုအတွင်း စွမ်းနိုင်သမျှ ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။

(ဆက်လက်ဖော်ပြပါမည်)



တရားစခန်းအနီး ဘေးမဲ့တောဥယျာဉ်ကို တွေ့ရစဉ်။



မဟာဗောဓိစေတီတော်အနီး စာအုပ်ဆိုင်၊ ဓာတ်ပုံဆိုင်နှင့် ဖိနပ်အပ်ရန်နေရာ ဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



# အချိန်မီတည့်မတ်ပြုပြင်နိုင်တော့မည့် အခွန်စည်းကြပ်ကောက်ခံမှုစနစ်

ပြည်သူတစ်ဦး

"အခွန်" ဆိုသော ဝေါဟာရစကားလုံးမှာ ရှေးခေတ်ဘုရင်မင်းမြတ်များ အုပ်ချုပ်ခဲ့သော ခေတ်အဆက်ဆက်မှ တိုင်းပြည်စည်ပင်သာယာဝပြောရန် ရည်ရွယ်ကောက်ခံသော လယ်ခွန်၊မြေခွန်၊ ယာခွန်၊ ကုန်သွယ်ခွန် အစရှိသော ခေတ်ကာလအလိုက် ဖြစ်တည်ပေါ်ပေါက်ခဲ့သည်။ တိုင်းသူပြည်သားများက အမည်နာမည်အမျိုးမျိုးသော အကောက်ခွန်များကို နိုင်ငံအုပ်ချုပ်သူတို့အား "အခွန်အတုတ်" ပေးဆောင်ပြီး "အခွန်ဘဏ္ဍာ" ဆက်သခြင်းမှ စတင်သန္ဓေတည်ခဲ့ခြင်းသာဖြစ်ပါသည်။

ခေတ်ကာလရွေ့လျားကြာမြင့်မှုကြောင့် ပေးဆောင်ရသော အခွန်အမျိုးအစား၊ ငွေကြေးပမာဏနှင့် လိုက်နာကျင့်သုံးရသော စည်းမျဉ်းစည်းကမ်းများ မည်မျှပင်ကွာခြားတိုးတက်စေကာမူ ရှေးခေတ်တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူရှင်ဘုရင်များနှင့် ယနေ့ခေတ် နိုင်ငံ့ခေါင်းဆောင်များ၏ တူညီသော ဘုံရည်မှန်းချက်မှာ ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများအား တိုင်းပြည်စည်ပင်သာယာဝပြောရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လည်းကောင်း၊ တိုင်းနိုင်ငံအတွင်းရှိ ပြည်သူပြည်သားများအတွက် အခြေခံကျ၍ လိုအပ်သော ကဏ္ဍအသီးသီးတွင် ခေတ်ကာလအလိုက် လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်း ဘဏ္ဍာရေးနှစ်အလိုက် စနစ်တကျ ခွဲဝေသုံးစွဲခြင်းသာဖြစ်ပါသည်။

ဒီမိုကရေစီစနစ် ကျင့်သုံး၍ နိုင်ငံတော်အား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲနေသော အသွင်ကူးပြောင်းရေးကာလ(Transition Period) တွင် နိုင်ငံတော်သမ္မတကြီးဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားနယ်ပယ်ကဏ္ဍအသီးသီးမှ ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများအား တစ်ဖက်မှ ကြံ့ကြံ့ခံကျော်လွှား၍ သော်လည်းကောင်း၊ အခြားတစ်ဖက်မှလည်း ပြည်သူများ၏ အခြေခံကျသောလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာငွေများအားလည်း နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေအား တွက်ချက်၍ တိုးမြှင့်ဆောင်ရွက်ပေးမှုများ ပြုလုပ်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်၏ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သော ဘဏ္ဍာအခွန်များ စည်းကြပ်ကောက်ခံရာတွင် စနစ်တကျဖြစ်စေရေးနှင့် အခွန်ပြည့်ပြည့်ဝဝစည်းကြပ်ကောက်ခံရရှိရန် ရည်ရွယ်၍ မေ ၈ ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့သည့် "အခွန်ကောက်ခံမှု" စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှုအပေါ် ပြည်သူတစ်ဦးအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနှင့် ဖော်ပြပါအဖွဲ့အနေဖြင့် ပြည်သူလူထုအကျိုးအတွက် ယခင်ကထက်ပိုမို၍ ဟာကွက်မရှိ ရသင့်ရထိုက်သော အခွန်ငွေများ ရရှိအောင် အစွမ်းကုန်ကြပ်မတ်စွမ်းဆောင်ပေးစေလိုကြောင်း တိုက်တွန်းအပ်ပါသည်။

အခွန်ငွေအား စည်းကြပ်ကောက်ခံရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ပေးဆောင်ရသော အခွန်ထမ်းများအား "အခွန်ပေးဆောင်ရမှုအပေါ်" တာဝန်သိ၊ တာဝန်ရှိနေရုံတင်မဟုတ်ဘဲ တာဝန်ဝတ္တရားတစ်ရပ် (Obligation)အနေဖြင့် ပေးဆောင်ရခြင်းဖြစ်သည်ကို နားလည်သဘောပေါက်အောင် စည်းရုံးသိမ်းသွင်း၊ အသိပညာပေးမှုများ (Awareness)၊ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင် (As a broad) သွားရမည်ဖြစ်ပါသည်။

ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များကို ယခင်ထက်တိုးတက်ရရှိအောင် ကောက်ခံပေးနိုင်သည်ကို သိရှိရပါသည်။ ဤကဲ့သို့ ကောက်ခံရရှိခြင်းမှာလည်း ဝင်ငွေခွန်များပေးဆောင်ရာတွင် အစိုးရသစ်လက်ထက်တွင် လုပ်ငန်း/ ကုမ္ပဏီများအပေါ် စနစ်တကျ စည်းကြပ်ကောက်ခံနိုင်အောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ဝင်ငွေခွန်ကောက်ခံမှုတွင် လစ်ဟာမှုမရှိစေရန် နိုင်ငံတော်၏ လုပ်ခ/လစာနှင့် ထောက်ပံ့ကြေးအား ရယူခံစားသုံးစွဲနေသော နိုင်ငံ့ဝန်ထမ်း အရာထမ်းများပါမကျန် ၎င်းတို့၏ဝင်ငွေအလိုက် ဝင်ငွေခွန်အား စနစ်တကျ ပေးဆောင်နေရပြီဖြစ်ပါသည်။

ကုန်သွယ်လုပ်ငန်းခွန်များကဏ္ဍတွင်လည်း နိုင်ငံတော်မှ ပြောင်းလဲကျင့်သုံးနေသော စီးပွားရေးမူဝါဒများကြောင့် ယခင်ထက်ပိုမိုတိုးတက်များပြားလာသော ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ အရှိန်အဟုန်ရလာသော ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းများမှ အခွန်များ စည်းကြပ်ကောက်ခံခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်နေသော ပြည်တွင်း ပြည်ပ၊ လုပ်ငန်း၊ ကုမ္ပဏီများအပေါ် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများမှ "ကြိုတင်ခွန်များ" စည်းကြပ်ကောက်ခံနိုင်ခဲ့ခြင်းကြောင့် လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်များ တိုးတက်ကောက်ခံရရှိနေသည်ကို သိရှိရပါသည်။

၂၂-၄-၂၀၁၃ ရက်နေ့တွင် ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများအနက်မှ လက်နက်ရောင်းဝယ်မှုမှလွဲပြီး အခြားပိတ်ဆို့အရေးယူမှုအားလုံးကို ရုပ်သိမ်းပေးခဲ့ကြောင်း သိရှိရမှုအပေါ် ပြည်သူတစ်ဦးအနေဖြင့် လွန်စွာဝမ်းမြောက်မိပါသည်။ ဤကဲ့သို့ ပိတ်ဆို့မှုများရုပ်သိမ်းခဲ့ခြင်းကြောင့် ဥရောပနှင့် အမေရိကန်နိုင်ငံအထိ ပိုမိုကျယ်ပြန့်သော ကုန်သွယ်မှုများ ပြုလုပ်နိုင်တော့မည်ဖြစ်၍ အခွန်စည်းကြပ်မှုများ ဆောင်ရွက်ရာတွင် လွတ်ကင်းလျော့နည်းမှုများ မဖြစ်ပေါ်စေရေးနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အပြည့်အဝ ကောက်ခံရရှိအောင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးမှူးများအနေဖြင့် နှစ်စဉ်အခွန်ပေးဆောင်နေသော "အခွန်ထမ်းစာရင်းဝင်" အခွန်ထမ်းများအပေါ် အခွန်စည်းကြပ်ရန်အတွက် အခက်အခဲမရှိသော်လည်း နိုင်ငံတော်အား အခွန်ပေးဆောင်ရန်ရှိသော အခွန်စည်းကြပ်နိုင်ရန် ဝင်ငွေရှိသူများအား အခွန်စည်းကြပ်ရာတွင် ခိုင်လုံသော သတင်းအချက်အလက် အထောက်အထားမရှိဘဲ အခွန်စည်းကြပ်ရန် လွန်စွာခက်ခဲနိုင်သည့်အတွက် အခွန်ထမ်းများအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ပူးပေါင်းပါဝင်ဦးတည်ချီတက်နေသော နိုင်ငံသားတစ်ဦး လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်ဖြစ်သည့် တာဝန်သိမှု၊ တာဝန်ယူတတ်မှု အစရှိသော ကောင်းမွန်သည့်စိတ်ဓာတ်များ ကိုယ်စီကိန်းဝပ်၍ မိမိတို့ပေးဆောင်ရန် ဝင်ငွေခွန်အား ပေးဆောင်ရန်လိုအပ်မည်ဖြစ်ပါသည်။

အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့အနေဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဆပ်ကော်မတီနှင့် အဖွဲ့ငယ်များထပ်မံဖွဲ့စည်းတာဝန်ပေးအပ်သည့်အခါ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ထည့်သွင်းဖွဲ့စည်းရန် လိုအပ်မည်ဟု ထင်မြင်မိပါသည်။ ဆိုလိုသည်မှာ အခွန်ထမ်းမှ ပေးဆောင်ရမည့်အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသော အခြေခံအကျဆုံးနှင့်အဓိကအခန်းကဏ္ဍမှ ပါဝင်သော "မြို့နယ်အခွန်ဦးစီးဌာနမှူးများ" အနေဖြင့် ပရိယာယ်ကြွယ်ဝသော အခွန်ထမ်းများအပေါ် ဝင်ငွေခွန်စည်းကြပ်ရာတွင် "တိမ်းရှောင်ခြင်း၊ ထိမ်ချန်ခြင်း"များ အတတ်နိုင်ဆုံးလျော့နည်းပပျောက်အောင် တိကျသော သတင်းအချက်အလက် သက်သေအထောက်အထားများရရှိအောင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေရှိသောကြောင့် ဖြစ်ပါသည်။

နိုင်ငံတော်အတွင်း စည်းကြပ်ကောက်ခံနေသော ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များစည်းကြပ်ကောက်ခံရာတွင် "ကုန်သွယ်လုပ်ငန်းခွန်အပေါ်" စည်းကြပ်ကောက်ခံမှုအား ရာနှုန်းပြည့်ကောက်ခံရရှိမှုမရှိသော်လည်း အောင်မြင်မှု အတိုင်းအတာတစ်ခုရရှိအောင် စည်းကြပ်ကောက်ခံမှု ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ "ဝင်ငွေခွန်" စည်းကြပ်ကောက်ခံသည့် အပိုင်းကဏ္ဍတွင် ဝင်ငွေခွန်၏ နက်နဲသိမ်မွေ့သောသဘာဝ၊ အခွန်ထမ်းများ၏ တိမ်းရှောင်ထိမ်ချန်ချင်သည့်အလေ့အကျင့်၊ အခွန်စည်းကြပ်ကောက်ခံရသော မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးနှင့် ခေတ်ကာလနှင့်အညီ တိုးတက်များပြားလာသော "အခွန်ထမ်းများ"အကြား ခြားနားလှသော ဖွဲ့စည်းပုံအင်အား၊ ခေတ်မမီတော့သည့် အခွန်ထမ်းအပေါ် သတင်းအချက်အလက် စုဆောင်းပုံများနှင့် ရောထွေးနေသော "တာဝန်ကျေ၊ တာဝန်မဲ့ဆောင်ရွက်မှု"များနှင့် အကြောင်းအမျိုးမျိုးသော အကြောင်းတရားများကြောင့် ဘဏ္ဍာရေးနှစ်အလိုက် ရသင့်ရထိုက်သော အခွန်များ ကောက်ခံစည်းကြပ်မှုတွင် ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည်ဟု ထင်မြင်ယူဆမိပါသည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ စည်းကြပ်ကောက်ခံရသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဖျော်ဖြေမှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များသည် ထိတွေ့ဆက်ဆံသူများထံမှ သတ်မှတ်အခွန်ငွေများ ကောက်ခံနေသည်ကို သိရှိနေရပါသည်။ အများပြည်သူထိတွေ့ဆက်ဆံမှုအများဆုံးဖြစ်သော စားသောက်ဆိုင်ရာလုပ်ငန်းများတွင် စားသုံးသူများထံမှ ယခင် ကုန်သွယ်ခွန် ၁၀ ရာခိုင်နှုန်းကောက်ခံခဲ့သော်လည်း ၁-၄-၂၀၁၂ ရက်နေ့တွင် ၅ ရာခိုင်နှုန်းပြောင်းလဲကောက်ခံရန် သတ်မှတ်ပေးခဲ့သော်လည်း စားသောက်ဆိုင်အများစုမှာ ယခင်အတိုင်းပင် ကောက်ခံမှုများရှိနေသည်ကို သိရှိရပါသည်။ အချို့ဆိုင်များမှာ (လုံး၀) ကောက်ခံမှုမရှိသည်ကို တွေ့ရှိရသည့်အတွက် တာဝန်ရှိသူများအနေဖြင့် အခွန်စည်းကြပ်မှုအား တစ်ပြေးညီရှိစေရေးနှင့် အလေအလွင့် အဖိတ်အစဉ် လျော့နည်းရေးအတွက် စိစစ်ကြပ်မတ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဝင်ငွေခွန်ဥပဒေတွင်ပါရှိသော "အခြေပစ္စည်း"ဟု ခေါ်တွင်သော မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းပြုလုပ်၍ရရှိသော အမြတ်အစွန်းငွေအပေါ် အခွန်စည်းကြပ်ကောက်ခံရာတွင် တိမ်းရှောင်ထိမ်ချန်မှုများနှင့်ပင် ရင်ဆိုင်နေရပါသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ရောင်းချမှု၊ လွှဲပြောင်းမှုပြုလုပ်ရာတွင် အဓိကကျသော စာချုပ်စာတမ်းများအား နိုင်ငံတော်မှ စနစ်တကျချုပ်ဆို၍ လွှဲပြောင်းရောင်းချနိုင်ရန် စီမံဆောင်ရွက်ပေးထားသော်လည်း တိတ်တဆိတ် (နားလည်မှု)များဖြင့် တန်ဖိုးကြီးမားသော အခြေပစ္စည်းများကိုပင် ရောင်းဝယ်/ လွှဲပြောင်းမှုများ ပြုလုပ်သည့်အပြင် အခွန်ထမ်းများအတွက် ဥပဒေအရ ထွက်ပေါက်တစ်ခုဖြစ်သော အခွန်စည်းကြပ်မှုအပေါ် ငွေဖြူပြသခွင့် ပေးထားခြင်းများ (ဥပမာ-ငွေဖြူ)ဆိုသည်မှာ အခြားအခွန်ပေးဆောင်ထားသော အခြေပစ္စည်းရောင်းဝယ်/ လွှဲပြောင်းခြင်းမှ အစပြု၍ အောင်ဘာလေသိန်းထီပေါက်လက်မှတ်များအဆုံး ပါဝင်နေပါသည်။

မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းရောင်းချခြင်း၊ လဲလှယ် (သို့မဟုတ်) လွှဲပြောင်းခြင်းအပေါ် "ဝင်ငွေခွန်" စည်းကြပ်မှုအား အတတ်နိုင်ဆုံး ပြည့်ပြည့်ဝဝ စည်းကြပ်နိုင်ရန်အတွက် အရောင်းအဝယ်ပြုလုပ်သူများအား တိတ်တဆိတ် (နားလည်မှု)ဖြင့် ကတိဝန်ခံချုပ် (သို့မဟုတ်) စာချုပ်စာတမ်းချုပ်ဆိုခြင်းများ မပြုလုပ်နိုင်အောင် ဖော်ထုတ်၊ ကာကွယ်တားဆီး၊ အသိပညာပေးမှုများ ပြုလုပ်ပြီး သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးမှူး၊ စာချုပ်စာတမ်း အရာရှိနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ရှေ့မှောက်အရောက်ပို့ဆောင်ချုပ်ဆိုသည့် အလေ့အထများဖြစ်ပေါ်လာအောင် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ပေးနိုင်မှသာ ဝင်ငွေခွန်စည်းကြပ်မှု လွယ်ကူစေနိုင်မည်ဖြစ်ပါသည်။

ဖော်ပြပါ အခွန်စည်းကြပ်မှုတွင် တာဝန်ရှိသော အခွန်ဦးစီးမှူး ဦးဆောင်သောအဖွဲ့အနေဖြင့်လည်း ပြည်သူလူထုအကျိုး အမှန်တကယ်လိုလားပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန် အထူးလိုအပ်မည့်အပြင် နိုင်ငံတော်အနေဖြင့်လည်း အခွန်ထမ်းများ၏ ရောင်းဝယ်/လွှဲပြောင်းမှုကြောင့် အခွန်ပေးဆောင်သည့်အခါတွင် တိမ်းရှောင်ထိမ်ချန်လိုစိတ်များ ပျောက်ကွယ်၍ မှန်မှန်ကန်ကန် ပေးဆောင်ချင်စိတ်များ ဖြစ်ပေါ်ထွန်းကားလာအောင် စနစ်တကျ စိစစ်တွက်ချက်ထားသော သင့်လျော်သည့် အခွန်စည်းကြပ်မှုနှုန်းထားများ ဖြစ်အောင် အမြဲတမ်းစိစစ်ကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

အရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသော ကတိဝန်ခံချုပ် (သို့မဟုတ်) စာချုပ်စာတမ်းများအား ယခုအရပ်စာချုပ်ချုပ်ဆိုရောင်းဝယ်ခြင်း (ခေါ်) တိတ်တဆိတ် (နားလည်မှု)ဖြင့် လွှဲပြောင်းခြင်း/အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စများ လျော့နည်းပပျောက်မှသာ ပြည့်ဝသောအခွန်စည်းကြပ်ကောက်ခံမှုအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက်နိုင်ရန် စာချုပ်စာတမ်းများအား ယခုထက်ပိုမို လုံခြုံမှုအဆင့်အတန်းရှိသော စာချုပ်စာတမ်းများ ရိုက်နှိပ်ထုတ်ဝေခြင်း၊ ၎င်းစာချုပ်စာတမ်းများအား စနစ်တကျ ဝယ်ယူရန် နေရာ/ဌာနများ သတ်မှတ်ပေးခြင်း၊ အရောင်းအဝယ်ပြုလုပ်မှုဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာအခွန်ဦးစီးမှူး စာချုပ်စာတမ်း အရာရှိနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား အသိပေးမှုမရှိဘဲ ချုပ်ဆိုရောင်းဝယ်မှု မပြုလုပ်နိုင်အောင် အသိပညာပေးမှုများအား ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်ရမည့် အချိန်ကျရောက်ပြီဟု ထင်မြင်ယူဆမိပါသည်။

နိုင်ငံ့ဝန်ထမ်း ဦးစီးအရာရှိ မှ အစိုးရအဖွဲ့အကြီးအကဲ နိုင်ငံတော်သမ္မတကြီးအဆုံး လစဉ်နိုင်ငံတော်မှ ချီးမြှင့်ထောက်ပံ့သော "လစာဝင်ငွေ" မှ သက်သာခွင့် (ကင်းလွတ်ခွင့်) ပေးထားသော သတ်မှတ်ပြဋ္ဌာန်းမှုမှလွဲ၍ ဝင်ငွေခွန် စနစ်တကျပေးဆောင်နေမှုအပေါ် လေးစားစာနာထောက်ထားသောအားဖြင့် နယ်ပယ်ကဏ္ဍအသီးသီးမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် ပေးဆောင်နေသော အခွန်ထမ်းများအနေဖြင့်လည်း ဥပဒေအရ အခွန်စည်းကြပ်မှုအပေါ် မှန်ကန်စွာ ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါသည်။ တိမ်းရှောင်ခြင်း၊ ထိမ်ချန်ခြင်းများ ပြုလုပ်နေသော အခွန်ထမ်းများအနေဖြင့်လည်း အခွန်စည်းကြပ်မှုအပေါ် အမြန်ဆုံးပူးပေါင်းပါဝင်ဆောင်ရွက်ချိန်တန်ပြီဟု ထင်မြင်မိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသော "အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့" နှင့်ပူးပေါင်း၍ အခွန်စည်းကြပ်ကောက်ခံမှုစနစ်အပေါ်၊ ကောင်းမွန်သောအစီအမံ အရည်အသွေးမြင့်မားသော အတွေးအခေါ်များအပေါ်အခြေခံ၍ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်မှုအပေါ် ယခင်စည်းကြပ်ကောက်ခံခဲ့သော "အားနည်းချက်များပြည့်နှက်နေသည်"ဟု ယူဆ၍ရသော မူဝါဒလမ်းစဉ်အဟောင်းများအား ယနေ့အားသစ်လောင်း ပြုပြင်ဖြည့်စွက်ထားသော မူဝါဒသစ်များဖြင့် လွှမ်းမိုးချုပ်ကိုင်ပြီး အချိန်မီတည့်မတ်ပြုပြင်နိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများ ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်စေလိုသော စိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။






ပြည်တွင်းရေးရာ

# အုတ်တွင်းမြို့နယ်၌ စက်မှုလယ်ယာကေ ၂၀၀၀ ဖော်ထုတ်ရေး ဆောင်ရွက်နေ

နေပြည်တော် မေ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အဝေးပြေး လမ်းမကြီးဘေး ဝဲ/ယာ၌ ဖော်ထုတ်လျက်ရှိသည့် စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်းကေ ၂၀၀၀ ဖော်ထုတ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်းမြေတူးစက် ၁၁ စီး၊ မြေထိုးစက် လေးစီး၊ မြေသယ်ယာဉ် ၁၄ စီး၊ လမ်းကြိတ်စက် တစ်စီး၊ မြေညှိစက်တစ်စီးနှင့် မြင်းကောင်ရေ ၉၀ အားရှိ ဆိုနာလီကာ ထွန်စက်ပေါင်း ၄၂ စီးဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ မိုးစပါးရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းကောင်ရေ ၉၀ အားရှိ ဆိုနာလီကာ ထွန်စက် ၄၂ စီးနှင့် အမေရိကန်နိုင်ငံမှ ပထမအသုတ်ရောက်ရှိလာသည့် အဆင့်မြင့် GPS Control စနစ် (Global Position System) ဖြင့် အသုံးပြုရသော မြင်းကောင်ရေ ၁၅၅ ရှိ John Deer စက် တစ်စီးအား အင်ဂျင်နီယာချုပ်များကိုယ်တိုင် ပညာရပ်ပိုင်းဆိုင်ရာများ စစ်ဆေးကြည့်ရှု တင်ပြချက်များနှင့် စက်ယန္တရားများနှင့်အတူ တွဲဖက်အသုံးပြုရသော ကွန်ပျူတာစနစ်ဖြင့် ကွပ်ကဲထိန်းချုပ်သည့် ကိရိယာများကို ကဏ္ဍအလိုက် ကြည့်ရှုစစ်ဆေးအားပေးပြီး အဆင့်မြင့်နည်းပညာသုံး တန်ဖိုး ကြီးမားသော ကိရိယာများကို ရေရှည် အထိရောက်ဆုံး အသုံးချနိုင်ရေး ကျွမ်းကျင်ပညာရှင်များအား ပထမ ဦးစွာမွေးထုတ်ပြီးမှသာ အသုံးပြုရန် နှင့် John Deer စက်များတွင် ဆက်စပ်အသုံးပြုရမည့် ထွန်၊ ထယ် ကိရိယာများကို သက်ဆိုင်ရာ ကုမ္ပဏီမှ ဆက်သွယ်ပေးပို့ရန် မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ လုပ်ငန်းခွင်တာဝန်ခံ အင်ဂျင်နီယာများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးသည် ဆည်ရေသောက်စနစ်များ ခိုင်မာစွာ တည်ဆောက်ပြီးဖြစ်၍ ဆန်စပါးအတွက် အဓိကအားထားရသည့် တိုင်းဒေသကြီးဖြစ်သည့်အပြင် မိုးစပါး၊ နွေစပါးဧကသိန်း ၃၀ ကျော် စိုက်ပျိုးလျက်ရှိသော အဓိကတိုင်းဒေသကြီးဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ စားရေးရိက္ခာဖူလုံရေးအတွက် အထူးအားထားရသော တိုင်းဒေသကြီးဖြစ်ကြောင်း၊ ခပေါင်းဆည် ရေသောက်စနစ်၏ ဆည်ရေများကို အထိရောက်ဆုံး အသုံးပြုပြီး စပ်မျိုးစပါးများကို မိုးစပါး၊ နွေစပါး ပိုမိုအောင်မြင်စွာ စိုက်ပျိုးနိုင်ရေး၊ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး ဆောင်ရွက်နေမှုအပေါ် မိုးစပါးရာသီချိန်အမီ တောင်သူများ အချိန်ကိုက်စိုက်ပျိုးနိုင်ရေး၊ ရေသွင်းမြောင်းစနစ်၊ ရေထုတ်မြောင်းစနစ်၊ ကုန်ထုတ်လမ်းစနစ်၊ မြေညှိခြင်းလုပ်ငန်းများ အချိန်ကိုက်ပြီးစီးရေးကို ပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့် ကြိုးပမ်း ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် အသေးစိတ်မှာကြားသည်။

နေပြည်တော်ကောင်စီနှင့် ဆက်စပ်နေသည့် ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးတိုင်းအရှေ့ခြမ်း ဝေါမြို့နယ်၊ ပဲခူးတိုင်းအနောက်ခြမ်း နတ်တလင်း၊ ဇီးကုန်းမြို့နယ်တို့နှင့် ပဲခူးတိုင်းဒေသကြီး မြောက်လှတ်ကုန်းကျေးရွာတို့တွင် ဆည်ရေသောက်လယ်မြေများ၌ စက်မှုလယ်ယာစနစ်ကူးပြောင်းရေး လယ်ယာမြေဖော်ထုတ်မှုကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဆိုနာလီကာ ထွန်စက် ၄၂ စီးအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)







# မဟာဓာတ်အားလိုင်းတည်ဆောက်နေမှုနှင့် ပင်မဓာတ်အားခွဲရုံအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၉

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ ၂၃၀ ကေဗွီ မင်းလှပင်မဓာတ်အားခွဲရုံ **(အပေါ်ပုံ)**၌ ရရှိသော လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းရေးအပိုင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ပြီး တပ်ဆင်ထားသော စက်ကိရိယာများအား ချို့ယွင်းမှုရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ (၂၃၀/၃၃/၁၁)ကေဗွီ ၁၀၀ အမ်ဗွီအေ မင်းလှပင်မဓာတ်အားခွဲရုံသည် ယခုနှစ် မတ် ၃၁ ရက်က နောက်ဆုံးတည်ဆောက်ပြီးစီးခဲ့သော ခွဲရုံဖြစ်ပြီး နိုင်ငံခြားငွေ ယူရိုသန်းပေါင်း ၃ ဒသမ ၅၄ သန်းနှင့် မြန်မာကျပ်ငွေ သန်းပေါင်း ၁၈၀၃ သန်းကျော် ကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဓာတ်အားခွဲရုံမတည်ဆောက်မီကာလက ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ ပြည်၊ ရွှေတောင်၊ ပေါင်းတည်၊ မင်းလှ၊ သာယာဝတီ၊ သုံးဆယ်၊ အုတ်ဖို၊ နတ်တလင်း၊ ကြို့ပင်ကောက်ဒေသများအနေဖြင့် လျှပ်စစ်ဓာတ်အား Losses များပြားပြီး လျှပ်စစ်ဗို့အား ပြည့်ဝစွာ ရရှိခြင်းမရှိဘဲ ယခုအခါ ခွဲရုံတည်ဆောက်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် အဆိုပါဒေသများရှိ ပြည်သူလူထုမှာ လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ ရရှိသုံးစွဲနိုင်ခဲ့ပြီ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုက်ကြီးမြို့နယ် ဂျိုးဖြူစံပြကျေးရွာအနီး အသစ်တည်ဆောက်လျက်ရှိသော ရွှေတောင်-မြောင်းတကာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ်(၅၀၃) လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး ရွှေတောင်-မြောင်းတကာ ဓာတ်အားလိုင်းအသစ်သည် နိုင်ငံတော်ဓာတ်အားကွန်ရက်တွင် ဝန်အားပိုမိုကောင်းမွန်စေရန်အတွက် တိုးချဲ့တည်ဆောက်သော စီမံကိန်းဖြစ်ကြောင်း၊ ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် နိုင်ငံ၏ တောင်ပိုင်းဒေသများသို့ ဓာတ်အားပိုမို ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သောကြောင့် စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

အဆိုပါ ရွှေတောင်-မြောင်းတကာ ဓာတ်အားလိုင်းသည် ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်း ဖြစ်ပြီး ဓာတ်အားလိုင်း တစ်လိုင်းလျှင် ၂၅၀ မဂ္ဂါဝပ်ဖြင့် ဓာတ်အားလိုင်း နှစ်လိုင်း ၅၀၀ မဂ္ဂါဝပ် ပို့လွှတ်ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတောင်ပိုင်းဒေသများသို့ ဓာတ်အားပို့လွှတ်နေသော အခြားဓာတ်အားလိုင်းများ လိုင်းချို့ယွင်းမှုဖြစ်ပွားပါက အရန်ဓာတ်အားလိုင်းအဖြစ် ဝန်အားကောင်းမွန်စွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ဓာတ်အားစဉ်ဆက်မပြတ်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ ၂၃၀ ကေဗွီ မြောင်းတကာ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံအတွင်းရှိ ထရန်စဖော်မာများ၊ Capacitor Bank နှင့် Shunt Reactor များ တပ်ဆင်ထားရှိမှု၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာအသစ် တိုးချဲ့တပ်ဆင်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးနှင့် နိုင်ငံတောင်ပိုင်းဒေသများသို့ လက်ရှိတွင် ရွှေတောင်-မင်းလှ-မြောင်းတကာ ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ၂၀၀ မဂ္ဂါဝပ်ခန့် ဓာတ်အား ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသည်။ ယခုအသစ်တည်ဆောက်လျက်ရှိသော ရွှေတောင်-မြောင်းတကာ ၂၃၀ ကေဗွီ နှစ်ထပ် ဓာတ်အားလိုင်းအား ၂၀၁၃ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ရာ နိုင်ငံတော် ဓာတ်အားစနစ်မှတစ်ဆင့် ရွှေတောင်မှ မြောင်းတကာဓာတ်အားခွဲရုံသို့ မဟာဓာတ်အားလိုင်းအဖြစ် ပို့လွှတ်၍ ရန်ကုန်တိုင်း ဒေသကြီးအပါအဝင် နိုင်ငံတောင်ပိုင်း ဓာတ်အားလိုင်းတစ်လျှောက် မြို့နယ်၊ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ၅၀၀ မဂ္ဂါဝပ်ခန့် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု လျှပ်စစ်ဓာတ်အား ပိုမိုရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းလျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# SSA (ရှက်ဆစ်)အဖွဲ့ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီး

နေပြည်တော် မေ ၁၉

SSA (ရှက်ဆစ်)အဖွဲ့မှအင်အား သုံးဦးခန့်ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် လက်နက်ငယ်ကိုယ်စီကိုင်ဆောင်လျက် ကျောက်ဂူမြို့နယ် နောင်ဝိုးကျေးရွာသို့ မေ ၁၁ ရက် ညပိုင်းတွင် ဝင်ရောက်လာကာ အပြစ်မဲ့ရွာသား ကျား ခုနစ်ဦးနှင့် မ ခုနစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး မေ ၁၅ ရက်တွင် မ ခုနစ်ဦးအား ပြန်လည်လွှတ်ပေးခဲ့သည်။

ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူများတွင် ကျား ခုနစ်ဦးသည် ၂၀၀၉ ခုနှစ်ခန့်က SSA(ရှက်ဆစ်)အဖွဲ့မှ အဓမ္မ လူသစ်စုဆောင်းခံရ၍ ပြန်လည်ထွက်ပြေးလာကြသူများ ဖြစ်ကြောင်းနှင့် အမျိုးသမီး ခုနစ်ဦးမှာ ၎င်းတို့၏သား၊ ခင်ပွန်းများသည် ယခင် SSA(ရှက်ဆစ်)အဖွဲ့ဝင် ဟောင်းများဖြစ်ပြီး ယခုအခါ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖမ်းဆီးခံရသော ရွာသားများ လွတ်မြောက်ရေးအတွက် တပ်မတော်စစ်ကြောင်းများမှ လိုက်လံရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)









# အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်း

**အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်း**
**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၅ ခုနှစ်၊ လ ရက်**
**(၂၀၁၃ ခုနှစ်၊ လ ရက်)**

**နိဒါန်း**

**အများပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအကျိုးစီးပွားများကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံပိုင်မီဒီယာများကို လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သော အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်ရန်အတွက် လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အများပြည်သူဝန်ဆောင်မှု မီဒီယာ**ဆိုသည်မှာ အခန်း (၂)တွင် ဖော်ပြထားသည့် အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများအား လိုက်နာဖော်ဆောင်ရန်အတွက် နိုင်ငံတော်ပိုင် မီဒီယာများကို ပြောင်းလဲဖွဲ့စည်းထားသော အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့ကို ဆိုသည်။

(ခ) **ကောင်စီ**ဆိုသည်မှာ အများပြည်သူဝန်ဆောင်မှုမီဒီယာနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာတို့ကို နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်နှင့် အကူအညီပေးရန်အတွက် ဤဥပဒေအရ ဖွဲ့စည်းထားသည့် လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သော အများပြည်သူဝန်ဆောင်မှု မီဒီယာကောင်စီကို ဆိုသည်။

(ဂ) **အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်း**ဆိုသည်မှာ ဤဥပဒေအခန်း(၂)တွင် ဖော်ပြထားသည့် အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများကို ဖော်ဆောင်ရန် အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းအဖြစ် ပြောင်းလဲထားသည့် နိုင်ငံတော်ပိုင် နေ့စဉ်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့ကို ဆိုသည်။

(ဃ) **အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း**ဆိုသည်မှာ ဤဥပဒေအခန်း(၂)တွင် ဖော်ပြထားသည့် အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ အခြေခံမူများကို ဖော်ဆောင်ရန် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲထားသည့် နိုင်ငံတော်ပိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ဆိုသည်။

(င) **စီးပွားဖြစ်မဟုတ်သည့် မီဒီယာ**ဆိုသည်မှာ သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူမှုအသိုက်အဝန်းအတွက် လိုအပ်သောသတင်းအချက်အလက်များကို ဖြန့်ဝေပေးရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပြည်သူအခြေပြု အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများနှင့် အခြားကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများက ဖွဲ့စည်းတည်ထောင်ပြီး စီမံခန့်ခွဲအုပ်ချုပ်နေသော အကျိုးအမြတ်အား ရှေးရှုခြင်းမရှိသည့် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း သို့မဟုတ် ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းကို ဆိုသည်။

(စ) **လွှတ်တော်**ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **အုပ်ချုပ်ရေးအဖွဲ့**ဆိုသည်မှာ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ဆွေးနွေးအကြံပေးခြင်းတို့ကိုဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ သို့မဟုတ် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို ဆိုသည်။

(ဈ) **ကြော်ငြာ**ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အလားတူထောက်ပံ့မှုဖြင့် ကြော်ငြာသူအတွက် သတင်းစာရှိနေရာ သို့မဟုတ် ထုတ်လွှင့်မှုအချိန်ပေးထားပြီး ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများ ဌားရမ်းခြင်း၊ ဝယ်ယူခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အသိဉာဏ်တိုးပွားစေခြင်း သို့မဟုတ် ကြော်ငြာသူ၏ ဆန္ဒအလျောက် အခြားသော အကျိုးသက်ရောက်မှုတို့ဖြစ်စေမည့် ပြည်သူထံသို့ ဖော်ပြထုတ်လွှင့်ချက်ကို ဆိုသည်။

(ည) **ထုတ်လွှင့်မှုအစီအစဉ်**ဆိုသည်မှာ ရည်မှန်းပရိသတ်ထံသို့ အချိန်ကန့်သတ်ချက်နှင့် ထုတ်လွှင့်တင်ဆက်မည့် ကြော်ငြာနှင့် ကဏ္ဍပေါင်းစုံပါဝင်သော အစီအစဉ်ကို ဆိုသည်။

(ဋ) **ကူညီပံ့ပိုးမှု** ဆိုသည်မှာ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ရေဒီယိုရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းကိစ္စများတွင် ကူညီပံ့ပိုးသူ၏ ဂုဏ်သတင်း၊ ကုန်အမှတ်တံဆိပ်နှင့် ကုန်ပစ္စည်းအမည်ကို မြှင့်တင်ရန်အတွက် အစီအစဉ်အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေကြေးပံ့ပိုးပေးခြင်းကိုသော်လည်းကောင်း၊ လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်း၏ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်တိုင်မဟုတ်ဘဲဖြစ်စေ ပါဝင်ကူညီခြင်းကို သော်လည်းကောင်း ဆိုသည်။

(ဌ) **ကျင့်ဝတ်နှင့်စည်းကမ်း**ဆိုသည်မှာ သတင်းပညာဆိုင်ရာ လုပ်ဆောင်မှုများတွင် လမ်းညွှန်ချက်နှင့် စံနှုန်းများအား အသုံးချနိုင်ရန်အတွက် သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ အုပ်ချုပ်ရေးအဖွဲ့အသီးသီးတို့မှ ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းများကိုဆိုသည်။

## အခန်း (၂)
## အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ အခြေခံမူများ

၃။ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်နှင့် လွတ်လပ်စွာ သတင်းပေးခွင့်တို့ကို ကျင့်သုံးပိုင်ခွင့်ရှိသည်။

(ခ) တိုင်းရင်းသားလူမျိုးစု၊ ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားမှု၊ နေရာဒေသဝေးလံခေါင်ဖျားမှုနှင့် လူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုတို့ကို ထည့်သွင်းစဉ်းစားကာ အများပြည်သူအား ဝန်ဆောင်မှု၊ ဖျော်ဖြေမှု၊အသိဉာဏ်ပညာနှင့် သတင်းအချက်အလက်ပေးမည့် အစီအစဉ်များကို ပြည့်စုံစွာ ဖော်ပြခွင့်ရှိသည်။

(ဂ) ပုဂ္ဂလိက မီဒီယာများမှ အများပြည်သူအကျိုးငှာ ဖော်ပြနိုင်ခြင်းမရှိသည့် အစီအစဉ်များအား ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများအား ဖြည့်ဆည်းပေးခြင်း၊ ပြည်သူလူထု၏အမြင်နှင့် ရှုထောင့်အမျိုးမျိုးတို့ကို ဖော်ပြပေးခြင်းစသည့် အရည်အသွေးပြည့်မီသော ဆန်းသစ်သည့် အစီအစဉ်များကို ဖော်ပြခွင့်ရှိသည်။

(ဃ) ဝန်ဆောင်မှုကို အဓိကထားပြီး အကျိုးအမြတ်မကြည့်သည့် မီဒီယာဖြစ်သော်လည်း ရေရှည်ရပ်တည် လုပ်ကိုင်နိုင်ရန်အတွက် သတ်မှတ်သည့် ဝင်ငွေရရှိရန် လိုအပ်သည်။

၄။ အခြေခံမူကို အကောင်အထည်ဖော်ရာတွင် အများပြည်သူဝန်ဆောင်မှု မီဒီယာသည် အောက်ပါအတိုင်း လိုက်နာရမည်-

(က) အယ်ဒီတာလုပ်ငန်းဆိုင်ရာဂုဏ်သိက္ခာကို အလေးအနက်စဉ်းစားပြီး နိုင်ငံရေး၊အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ ချုပ်ကိုင်မှုများမှ ကင်းလွတ်ခြင်း။

(ခ) ပြည့်စုံကျယ်ပြန့်၍ ဘက်လိုက်မှုမရှိသော တရားမျှတသည့် သတင်းများ၊အများပြည်သူအတွက် အကျိုးရှိနိုင်မည့် ပြည်တွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထည့်သွင်းခြင်း။

(ဂ) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ မတူကွဲပြားသော ယဉ်ကျေးမှုများကို ထင်ဟပ်စေလျက် အမျိုးသားရေးစရိုက်လက္ခဏာကို ပေါ်လွင်အောင် ဖော်ပြခြင်း။

(ဃ) တိုင်းရင်းသားလူမျိုးစုများနှင့် လူနည်းစုများအတွက် ၎င်းတို့ဘာသာစကားဖြင့် ဖော်ပြထုတ်လွှင့်သည့် အစီအစဉ်များ ပါဝင်ခြင်း။

(င) မတူညီသည့် ပရိသတ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အထူးအစီအစဉ်များကို အခြားနှစ်သက်ဖွယ်ရာ အစီအစဉ်များအကြား မျှတစွာဖော်ပြခြင်း။

(စ) ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆီလျော်ညီညွတ်စွာ သတင်းပေးခြင်း။

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့၏ အကျိုးစီးပွားနှင့်သက်ဆိုင်သည့်အကြောင်းအရာများ ထည့်သွင်းခြင်း။

(ဇ) အရေးကြီးသည့် အသိပေးကြေညာချက်များကို ပြည်သူများထံသို့ မပျက်မကွက် ဖော်ပြပေးခြင်း။

(ဈ) အမျိုးသမီး၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအတွက် ရည်ရွယ်သည့်အကြောင်းအရာများကို သင့်လျော်သော အချိန်ကာလ အပိုင်းအခြားအလိုက် ဖော်ပြပေးခြင်း။

(ည) ပြည်တွင်း၌ ထုတ်လုပ်သည့် အစီအစဉ်များကိုအားပေးခြင်း။

(ဋ) နိုင်ငံတကာရေးရာနှင့် ပြည်တွင်းရေးရာ အသိအမြင် တိုးပွားစေမည့် အများပြည်သူဆိုင်ရာ ဆွေးနွေးမှုများ ဖော်ပြခြင်း။

## အခန်း (၃)
## အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းထူထောင်ခြင်း ရပိုင်ခွင့်နှင့် တာဝန်များ

၅။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းသည်-

(က) အကျိုးအမြတ်ကို ရှေးရှုခြင်းမရှိသော အများပြည်သူဝန်ဆောင်မှု သတင်းစာထုတ်ဝေသည့် အဖွဲ့အစည်းအဖြစ် နိုင်ငံတစ်ဝန်းလုံးအတွက် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုအတွက် ဖြစ်စေ ဖြန့်ချိပေးရမည်။

(ခ) ဝန်ကြီးဌာနမှ လုပ်ပိုင်ခွင့်ကိုလွှဲပြောင်းရယူ ဆောင်ရွက်ခြင်းဖြစ်သော်လည်း လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိရမည်။ ယင်းလွတ်လပ်ခွင့်ကို အစဉ်သဖြင့် လေးစားရမည်။

(ဂ) ဤဥပဒေပါ အခြေခံမူများကို လက်ခံဆောင်ရွက်ရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာရှိရမည်။ လွှဲပြောင်းရရှိသော ပစ္စည်းဥစ္စာများအား သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရယူခြင်းနှင့်ပတ်သက်၍ ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့် အပြည့်အဝ ရှိရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၏ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် မှတ်ပုံတင်ပေးထားရမည်။

(င) ဤဥပဒေ ပုဒ်မ ၂၇ ပါ နည်းပညာပိုင်းဆိုင်ရာ အကူအညီများနှင့် ဝန်ဆောင်မှုများအား အသုံးချခွင့်ရရှိစေရန်အတွက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

(စ) ဤဥပဒေအရ ကောင်စီပေါ်ပေါက်လာချိန်တွင် နိုင်ငံတော်ပိုင်ဖြစ်သည့် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့၏ အခွင့်အာဏာ၊ လုပ်ငန်းလည်ပတ်မှု၊ ပိုင်ဆိုင်မှု၊ အသုံးအဆောင်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ စာချုပ်များနှင့် အခြားထောက်ပံ့ပစ္စည်းများကို လွှဲပြောင်းရယူရမည်။

၆။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့သည် ဤဥပဒေအရ လိုအပ်သည့် အခွင့်အာဏာနှင့် တာဝန်များအား ကျင့်သုံးပြီး ရရှိသောရန်ပုံငွေများ၊ ပိုင်ဆိုင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ သဘောတူညီချက်များ၊ စာချုပ်များကို ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။ သက်ဆိုင်ရာ နိုင်ငံတော်ပိုင်သတင်းစာများအား လုပ်ငန်းစတင်အကောင်အထည်ဖော်လျှင်ဖော်ချင်း အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းရမည်။

၇။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းသည်-

(က) အကျိုးအမြတ်ကို ရှေးရှုခြင်းမရှိသော အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံထုတ်လွှင့်သည့် အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းတည်ထောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးအတွက်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ဖြစ်စေ ထုတ်လွှင့်ရမည်။

(ခ) ဝန်ကြီးဌာနမှ လုပ်ပိုင်ခွင့်ကို လွှဲပြောင်းရယူဆောင်ရွက်ခြင်းဖြစ်သော်လည်း လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိရမည်။ ယင်းလွတ်လပ်ခွင့်ကို အစဉ်သဖြင့်လေးစားရမည်။

(ဂ) ဤဥပဒေပါ အခြေခံမူများကို လက်ခံဆောင်ရွက်ရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာရှိရမည်။ လွှဲပြောင်းရရှိသော ပစ္စည်းဥစ္စာများအား သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရယူခြင်းနှင့်ပတ်သက်၍ ဥပဒေအရဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရှိရမည်။

(ဃ) ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်ခြင်းကို ဥပဒေနှင့်အညီ လိုင်စင်ရယူရမည်။

(င) ဤဥပဒေ ပုဒ်မ ၂၇ ပါ နည်းပညာပိုင်းဆိုင်ရာ အကူအညီများနှင့် ဝန်ဆောင်မှုများအား အသုံးချခွင့် ရရှိစေရန်အတွက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

(စ) ဤဥပဒေအရ ကောင်စီပေါ်ပေါက်လာချိန်တွင် နိုင်ငံတော်ပိုင်ဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အခွင့်အာဏာ၊ လုပ်ငန်းလည်ပတ်မှု၊ ပိုင်ဆိုင်မှု၊ အသုံးအဆောင်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ စာချုပ်များနှင့် အခြားထောက်ပံ့ပစ္စည်းများကို လွှဲပြောင်းရယူရမည်။

၈။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့သည် ဤဥပဒေအရ လိုအပ်သည့် အခွင့်အာဏာနှင့် တာဝန်များအား ကျင့်သုံးပြီး ရရှိသောရန်ပုံငွေများ၊ ပိုင်ဆိုင်မှုများ၊ အသုံးအဆောင်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ သဘောတူညီချက်များ၊ စာချုပ်များကို ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။ သက်ဆိုင်ရာ နိုင်ငံတော်ပိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို လုပ်ငန်းစတင်အကောင်အထည်ဖော်လျှင်ဖော်ချင်း အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းရမည်။

၉။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည်-

(က) မိမိ၏ မီဒီယာလုပ်ငန်းကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသည်။

(ခ) မိမိ၏ မီဒီယာတွင် ဖော်ပြချက် သို့မဟုတ် ထုတ်လွှင့်ချက်များကို ကြိုတင်စိစစ်ခံရခြင်း၊ လွတ်လပ်ခွင့်အား ဟန့်တားပိတ်ပင်ခံရခြင်း မရှိစေရ။

(ဂ) ကိုယ်ပိုင်သတင်းအချက်အလက်နှင့် အယ်ဒီတာ့အာဘော်ကို လွတ်လပ်စွာရေးသားဖော်ပြခွင့်ရှိသည်။

(ဃ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ရရှိခံစားခွင့်ရှိသည်။

၁၀။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည်-

(က) အများပြည်သူ အကျိုးစီးပွားအတွက် ရည်ရွယ်ဆောင်ရွက်ရမည်။

(ခ) အစီအစဉ်များနှင့် အကြောင်းအရာများကို ရွေးချယ်ရာတွင် အများပြည်သူ အကျိုးစီးပွားကိုသာ ရှေးရှုရမည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းများ၏ လွတ်လပ်ခွင့်နှင့် လုပ်ပိုင်ခွင့်ကို အမြဲတစေလေးစားလိုက်နာရမည်။

(ဃ) အရည်အသွေးမြင့်မားသော သတင်းအချက်အလက်၊ ဆန်းသစ်တီထွင်သောတင်ပြမှုနှင့် ထုတ်လွှင့်မှုများကို ဖော်ဆောင်ပေးရမည်။

(င) သတင်းအချက်အလက်များကို ဖော်ပြထုတ်လွှင့်ရာတွင် ဓမ္မဓိဋ္ဌာန်ကျစွာနှင့် ဘက်လိုက်မှုကင်းရှင်းစွာ ဆောင်ရွက်ရမည်။

(စ) တိုင်းရင်းသားဘာသာစကား အမျိုးအစားစုံလင်စွာဖြင့် ထုတ်ဝေမှု သို့မဟုတ် ထုတ်လုပ်မှုကိုတင်ဆက်ပေးရမည်။

(ဆ) တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုစသည်ဖြင့် ကွဲပြားမှုများကို အသိအမှတ်ပြုလျက် အမျိုးသားစည်းလုံးညီညွတ်မှု အမှတ်လက္ခဏာကိုဖော်ဆောင်သည့် တင်ပြချက် သို့မဟုတ် ထုတ်လွှင့်ချက်များကို ဦးစားပေး လုပ်ဆောင်ရမည်။

(ဇ) အများပြည်သူတို့၏ အလိုဆန္ဒများနှင့်အညီ အရည်အသွေးမီသည့် ဖျော်ဖြေမှုများကိုလည်း ဖော်ပြထုတ်လွှင့်ပေးရမည်။

(ဈ) လွှတ်တော်က ထုတ်ပြန်သည့် ဥပဒေ၊ ဆုံးဖြတ်ချက်၊ ကြေညာချက်၊ အစိုးရက ထုတ်ပြန်သည့် နည်းဥပဒေ၊ ကြေညာချက်၊ လုပ်ထုံးလုပ်နည်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းများက ထုတ်ပြန်သည့် ကြေညာချက်များကို ဖော်ပြထုတ်လွှင့်ပေးရမည်။

(ည) ကလေးသူငယ်များအတွက် ပညာပေးခြင်း၊ သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်ရမည်။

(ဋ) ပညာရှင်များ၏ အတွေးအခေါ် အယူအဆများ၊ အမြင်များ၊ စကားအချေအတင် ဆွေးနွေးချက်များနှင့် တွေ့ဆုံမေးမြန်းချက်များကို တင်ဆက်ဖော်ပြပေးရမည်။

(ဌ) လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသော ကျင့်ဝတ်နှင့် စည်းမျဉ်းကို လိုက်နာရမည်။

## အခန်း(၄)
## စီးပွားဖြစ်မဟုတ်သည့် မီဒီယာများ

၁၁။ စီးပွားဖြစ်မဟုတ်သည့် မီဒီယာများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်။

(ခ) ဤဥပဒေ ပုဒ်မ ၂၇ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ (င)နှင့် (စ) ပါ ကောင်စီမှ အများပြည်သူဝန်ဆောင်မှု မီဒီယာသို့ ထောက်ပံ့ပေးအပ်ရမည့် အခွင့်အရေးနှင့် အကျိုးခံစားခွင့်များကို ရယူခွင့်ရှိသည်။

(ဂ) ရွေးကောက်ပွဲကော်မရှင်ကပေးပို့သည့် ကြေညာချက်များမှအပ အခြားနိုင်ငံရေးဆိုင်ရာ ကြော်ငြာများကို ဖော်ပြထုတ်လွှင့်ခြင်း မပြုရ။

၁၂။ စီးပွားဖြစ်မဟုတ်သည့် မီဒီယာများသည် ပုဒ်မ ၁၁ ပါ အခွင့်အရေးများမှအပ ဤဥပဒေအရ အခြားခံစားခွင့် မရှိစေရ။

## အခန်း(၅)
## အများပြည်သူဝန်ဆောင်မှု မီဒီယာကောင်စီ

၁၃။ ကောင်စီကို သတင်းပညာ သို့မဟုတ် ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းပညာ သို့မဟုတ် တီထွင်မှုပညာ သို့မဟုတ် စီးပွားရေးနှင့် ဘဏ္ဍာရေးစသည့် ကိစ္စရပ်များတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည့် ပညာရှင်များ ပါဝင်သော အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသား လူမျိုးစုဝင်များ၊ ကျွမ်းကျင်သော ပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ၊ အမျိုးသမီးများနှင့် လူငယ်များ စသည်တို့ဖြင့် သင့်လျော်ရာ အရေအတွက် အချိုးအစား သတ်မှတ်၍ ပါဝင်စေရမည်။

၁၄။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့သည် ဤဥပဒေပါ သတ်မှတ်ချက်နှင့် ကိုက်ညီသောကောင်စီဝင် (၅)ဦးစီကို ရွေးချယ်ရမည်။

၁၅။ နိုင်ငံတော်သမ္မတသည် အဆိုပါ ပုဂ္ဂိုလ် (၁၅)ဦးအား ကောင်စီဝင်အဖြစ် ခန့်အပ်ရမည်။

၁၆။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီဝင်များက လွတ်လပ်စွာ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

၁၇။ ကောင်စီဝင်များအား ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်။

၁၈။ အဆိုပြုခံရသူများ၏ အကျင့်စာရိတ္တနှင့် အရည်အချင်းတို့ကို ပြည်သူလူထုက ဝေဖန်အကြံပြုနိုင်ရန်အတွက် အမည်စာရင်းကို သတ်မှတ်ကာလကြိုတင်ထုတ်ပြန်ကြေညာပေးရမည်။

၁၉။ ကောင်စီဝင်အဖြစ် ခန့်အပ်ခံရသူများသည်-

(က) နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

(ခ) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် တရားဝင် ရာထူးတာဝန်တစ်ခုခု ရရှိထားသူ မဖြစ်စေရ။

(ဂ) အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် ခန့်အပ်တာဝန်ပေးခြင်း ခံထားရသူ မဖြစ်စေရ။

(ဃ) မီဒီယာလုပ်ငန်းမှ သိသာထင်ရှားသည့် ငွေကြေးအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိနေသူ သို့မဟုတ် အခကြေးငွေရရှိနေသူ မဖြစ်စေရ။

(င) ကြီးလေးသော ရာဇဝတ်မှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်ပြီး တရားရုံးတစ်ခုခုမှ အပြစ်ပေးခြင်းခံခဲ့ရသူ မဖြစ်စေရ။

၂၀။ ကောင်စီဝင်များသည်-

(က) အခန်း ၂ တွင် ဖော်ပြထားသည့် အခြေခံမူများကို ဖော်ဆောင်ရာတွင် လွတ်လပ်ပြီး သမာသမတ်ကျစွာ လုပ်ဆောင်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ဂ) အများပြည်သူအကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား မပြုရ။

၂၁။ ကောင်စီဝင်များသည် ငါးနှစ်သက်တမ်း နှစ်ကြိမ်ထက်ပို၍ ဆောင်ရွက်ခွင့် မရှိစေရ။

၂၂။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည်-

(က) ပုဒ်မ ၁၉ အရ ကောင်စီဝင်အဖြစ် ခန့်အပ်ရန် အရည်အချင်းပြည့်မီမှု မရှိခြင်း။

(ခ) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တရားရုံးတစ်ခုခုမှ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

(ဂ) ကောင်စီဝင် သုံးပုံနှစ်ပုံ၏ ဆုံးဖြတ်ချက်အရ တာဝန်မှ ရပ်စဲရန် ထောက်ခံတင်ပြခြင်း။

(ဃ) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း ငါးလထက်ပို၍ တာဝန်မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၂၃။ မည်သည့်ကောင်စီဝင်မဆို ၎င်း၏သက်တမ်းမပြည့်မီ နုတ်ထွက်လိုပါက နိုင်ငံတော်သမ္မတထံ နုတ်ထွက်ခွင့် တောင်းခံနိုင်သည်။

၂၄။ ကောင်စီဝင် တစ်ဦးဦးသည် ပုဒ်မ (၂၂) နှင့် (၂၃) အရ တာဝန်မှရပ်စဲခြင်း သို့မဟုတ် မိမိသဘော အလျောက် နုတ်ထွက်ခြင်း သို့မဟုတ် ကွယ်လွန်ပါက ပုဒ်မ (၁၄)၊ (၁၅)၊ (၁၆)နှင့် (၁၇)ပါ ပြဋ္ဌာန်းချက်များအတိုင်း ရွေးချယ်ဖြည့်စွက်ခန့်ထားရမည်။

၂၅။ မိမိသဘောအလျောက် နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်း သို့မဟုတ် ကွယ်လွန်သော ကောင်စီဝင်များအား အစားထိုး ဖြည့်စွက်ခန့်ထားရာတွင် မူလကောင်စီဝင်၏ ရာထူးသက်တမ်းကုန်ဆုံးချိန်အထိ တာဝန်ထမ်းဆောင်ရမည်။ ကောင်စီဝင်သက်တမ်း အနည်းဆုံး (၆)လကျန်ရှိမှသာ ဖြည့်စွက်ခန့်ထားရမည်။

၂၆။ ကောင်စီသည် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည်-

(က) နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မြှင့်တင်ဆောင်ရွက်ခြင်း။

(ခ) အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများသည် အောက်ပါ ကျင့်ဝတ်များနှင့် တာဝန်များကို လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကြီးကြပ်ခြင်း-

(၁) ကျင့်ဝတ်နှင့်လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများကို လိုက်နာခြင်း။

(၂) ဤဥပဒေ အခန်း(၂)ပါ အခြေခံမူများကို လိုက်နာဆောင်ရွက်ခြင်း။

(၃) ကြော်ငြာများနှင့် ကူညီပံ့ပိုးမှု လက်ခံရာတွင် ပုဒ်မ ၆၅ နှင့်

(ခ) ဤဥပဒေ ပုဒ်မ ၂၇ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ (င)နှင့် (စ) ပါ ကောင်စီမှ အများပြည်သူဝန်ဆောင်မှု မီဒီယာသို့ ထောက်ပံ့ပေးအပ်ရမည့် အခွင့်အရေးနှင့် အကျိုးခံစားခွင့်များကို ရယူခွင့်ရှိသည်။

(ဂ) ရွေးကောက်ပွဲကော်မရှင်ကပေးပို့သည့် ကြေညာချက်များမှအပ အခြားနိုင်ငံရေးဆိုင်ရာ ကြော်ငြာများကို ဖော်ပြထုတ်လွှင့်ခြင်း မပြုရ။

၁၂။ စီးပွားဖြစ်မဟုတ်သည့် မီဒီယာများသည် ပုဒ်မ ၁၁ ပါ အခွင့်အရေးများမှအပ ဤဥပဒေအရ အခြားခံစားခွင့် မရှိစေရ။

## အခန်း(၅)
## အများပြည်သူဝန်ဆောင်မှု မီဒီယာကောင်စီ

၁၃။ ကောင်စီကို သတင်းပညာ သို့မဟုတ် ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းပညာ သို့မဟုတ် တီထွင်မှုပညာ သို့မဟုတ် စီးပွားရေးနှင့် ဘဏ္ဍာရေးစသည့် ကိစ္စရပ်များတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသည့် ပညာရှင်များ ပါဝင်သော အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသား လူမျိုးစုဝင်များ၊ ကျွမ်းကျင်သော ပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ၊ အမျိုးသမီးများနှင့် လူငယ်များ စသည်တို့ဖြင့် သင့်လျော်ရာ အရေအတွက် အချိုးအစား သတ်မှတ်၍ ပါဝင်စေရမည်။

၁၄။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တို့သည် ဤဥပဒေပါ သတ်မှတ်ချက်နှင့် ကိုက်ညီသောကောင်စီဝင် (၅)ဦးစီကို ရွေးချယ်ရမည်။

၁၅။ နိုင်ငံတော်သမ္မတသည် အဆိုပါ ပုဂ္ဂိုလ် (၁၅)ဦးအား ကောင်စီဝင်အဖြစ် ခန့်အပ်ရမည်။

၁၆။ ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီဝင်များက လွတ်လပ်စွာ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

၁၇။ ကောင်စီဝင်များအား ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်။

၁၈။ အဆိုပြုခံရသူများ၏ အကျင့်စာရိတ္တနှင့် အရည်အချင်းတို့ကို ပြည်သူလူထုက ဝေဖန်အကြံပြုနိုင်ရန်အတွက် အမည်စာရင်းကို သတ်မှတ်ကာလကြိုတင်ထုတ်ပြန်ကြေညာပေးရမည်။

၁၉။ ကောင်စီဝင်အဖြစ် ခန့်အပ်ခံရသူများသည်-

(က) နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

(ခ) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် တရားဝင် ရာထူးတာဝန်တစ်ခုခု ရရှိထားသူ မဖြစ်စေရ။

(ဂ) အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် ခန့်အပ်တာဝန်ပေးခြင်း ခံထားရသူ မဖြစ်စေရ။

(ဃ) မီဒီယာလုပ်ငန်းမှ သိသာထင်ရှားသည့် ငွေကြေးအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိနေသူ သို့မဟုတ် အခကြေးငွေရရှိနေသူ မဖြစ်စေရ။

(င) ကြီးလေးသော ရာဇဝတ်မှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်ပြီး တရားရုံးတစ်ခုခုမှ အပြစ်ပေးခြင်းခံခဲ့ရသူ မဖြစ်စေရ။

၂၀။ ကောင်စီဝင်များသည်-

(က) အခန်း ၂ တွင် ဖော်ပြထားသည့် အခြေခံမူများကို ဖော်ဆောင်ရာတွင် လွတ်လပ်ပြီး သမာသမတ်ကျစွာ လုပ်ဆောင်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ဂ) အများပြည်သူအကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုရ။

၂၁။ ကောင်စီဝင်များသည် ငါးနှစ်သက်တမ်း နှစ်ကြိမ်ထက်ပို၍ ဆောင်ရွက်ခွင့်မရှိစေရ။

၂၂။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည်-

(က) ပုဒ်မ ၁၉ အရ ကောင်စီဝင်အဖြစ် ခန့်အပ်ရန် အရည်အချင်းပြည့်မီမှု မရှိခြင်း။

(ခ) တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တရားရုံးတစ်ခုခုမှ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

(ဂ) ကောင်စီဝင် သုံးပုံနှစ်ပုံ၏ ဆုံးဖြတ်ချက်အရ တာဝန်မှ ရပ်စဲရန် ထောက်ခံတင်ပြခြင်း။

(ဃ) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း ငါးလထက်ပို၍ တာဝန်မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၂၃။ မည်သည့်ကောင်စီဝင်မဆို ၎င်း၏သက်တမ်းမပြည့်မီ နုတ်ထွက်လိုပါက နိုင်ငံတော်သမ္မတထံ နုတ်ထွက်ခွင့် တောင်းခံနိုင်သည်။

၂၄။ ကောင်စီဝင် တစ်ဦးဦးသည် ပုဒ်မ (၂၂) နှင့် (၂၃) အရ တာဝန်မှရပ်စဲခြင်း သို့မဟုတ် မိမိသဘော အလျောက် နုတ်ထွက်ခြင်း သို့မဟုတ် ကွယ်လွန်ပါက ပုဒ်မ (၁၄)၊ (၁၅)၊ (၁၆)နှင့် (၁၇)ပါ ပြဋ္ဌာန်းချက်များအတိုင်း ရွေးချယ်ဖြည့်စွက်ခန့်ထားရမည်။

၂၅။ မိမိသဘောအလျောက် နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်း သို့မဟုတ် ကွယ်လွန်သော ကောင်စီဝင်များအား အစားထိုး ဖြည့်စွက်ခန့်ထားရာတွင် မူလကောင်စီဝင်၏ ရာထူးသက်တမ်းကုန်ဆုံးချိန်အထိ တာဝန်ထမ်းဆောင်ရမည်။ ကောင်စီဝင်သက်တမ်း အနည်းဆုံး (၆)လကျန်ရှိမှသာ ဖြည့်စွက်ခန့်ထားရမည်။

၂၆။ ကောင်စီသည် အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည်-

(က) နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မြှင့်တင်ဆောင်ရွက်ခြင်း။

(ခ) အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများသည် အောက်ပါ ကျင့်ဝတ်များနှင့် တာဝန်များကို လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကြီးကြပ်ခြင်း-

(၁) ကျင့်ဝတ်နှင့်လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများကို လိုက်နာခြင်း။

(၂) ဤဥပဒေ အခန်း(၂)ပါ အခြေခံမူများကို လိုက်နာဆောင်ရွက်ခြင်း။

(၃) ကြော်ငြာများနှင့် ကူညီပံ့ပိုးမှု လက်ခံရာတွင် ပုဒ်မ ၆၅ နှင့် ပုဒ်မ ၆၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်း။

(၄) အွန်လိုင်းတွင် တင်ထားသည့် အစီအစဉ်နှင့်ပတ်သက်၍ တာဝန်ခံခြင်း။

(၅) စာရွက်စာတမ်းများနှင့်ပတ်သက်သည့် မော်ကွန်းတိုက် ထူထောင်ထားရှိခြင်း။

(၆) နိုင်ငံရေးကြော်ငြာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ လက်ခံဆောင်ရွက်ခြင်း။

(ဂ) ကောင်စီသည် ပုဒ်မ ၁၀ တွင် သတ်မှတ်ထားသည့် တာဝန်ဝတ္တရားတစ်ရပ်ရပ်အား အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းက ချိုးဖောက်သည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အခြေအနေရှိလျှင် သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ အကြောင်းကြားခြင်း။

(ဃ) အထက်ပုဒ်မခွဲ(ဂ)ပါအတိုင်း အုပ်ချုပ်ရေးအဖွဲ့သို့ အကြောင်းကြားခဲ့သော်လည်း အုပ်ချုပ်ရေးအဖွဲ့သည် သုံးလကြာသည့်တိုင်အောင် အရေးယူဆောင်ရွက်မှုမရှိလျှင် ကောင်စီသည် အဆိုပါကိစ္စအား လိုအပ်သော စုံစမ်းစစ်ဆေးမှုပြု၍ သတိပေးခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ တာဝန်မှရပ်စဲခြင်းတို့ကို ပြုလုပ်နိုင်သည်။ ကြီးလေးသော ဖောက်ဖျက်ကျူးလွန်မှုဖြစ်ပါက တရားစွဲဆိုနိုင်သည်။

(င) အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့နှင့် တိုင်ပင်ဆွေးနွေးကာ အခြားနည်းလမ်းဖြင့် ရရှိနိုင်မည့် ဝင်ငွေနှင့် လွန်ခဲ့သည့်နှစ်မှ ငွေကြေးဖောင်းပွမှုနှုန်းများအား စဉ်းစားပြီးနောက် ပုဒ်မ ၆၄ တွင် ဖော်ပြချက်အတိုင်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ နှစ်စဉ်တိုက်ရိုက် ထောက်ပံ့ငွေရရှိရန် လွှတ်တော်သို့တင်သွင်းခြင်း။

(စ) ကောင်စီအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ပေးပို့သည့် ကူညီပံ့ပိုးမှုများကို လက်ခံရယူပြီး စီမံခန့်ခွဲခြင်း။

(ဆ) အများပြည်သူဝန်ဆောင်မှုမီဒီယာ နည်းဥပဒေများ ရေးဆွဲခြင်း။

၂၇။ အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကောင်စီသည် အောက်ပါတို့ကို ကူညီဆောင်ရွက်ပေးရမည်-

(က) အလားအလာရှိသည့် အလှူရှင်များနှင့်ဆက်သွယ်၍ ရရှိသော ရန်ပုံငွေဖြင့် နည်းပညာဆိုင်ရာ အကူအညီပေးခြင်း။

(ခ) သင်တန်းလိုအပ်ချက်များကို အကဲဖြတ်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းနှင့် သင်တန်းပေးခြင်းတို့ဖြင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း။

(ဂ) ပရိသတ်အား စစ်တမ်းကောက်ယူမှု၊ သတင်းအချက်အလက် နည်းပညာသစ်များ၏ အများပြည်သူ ဝန်ဆောင်မှု မီဒီယာအပေါ် သက်ရောက်မှုနှင့် အခြားအကျိုးရလဒ်ရရှိစေမည့် ကိစ္စများအပေါ် သုတေသနပြုလုပ်ခြင်း။

(ဃ) အများပြည်သူဝန်ဆောင်မှု မီဒီယာများအကြား သတင်းအချက်အလက်နှင့် အစီအစဉ်များ ဖလှယ်နိုင်ရန် ကူညီပံ့ပိုးပေးခြင်း။

(င) အများပြည်သူဝန်ဆောင်မှု မီဒီယာများအတွက် လိုအပ်သော ပုံနှိပ်စက်များနှင့် အခြားပစ္စည်းကိရိယာများ လျှော့ပေါ့သော နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် အကူအညီပေးခြင်း။

(စ) အများပြည်သူဝန်ဆောင်မှုမီဒီယာ လုပ်ဆောင်ချက်များအတွက် လိုအပ်သော ထောက်ပံ့ပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများ ဝယ်ယူတင်သွင်းရာတွင် စည်းကြပ်ခွန်လျှော့ပေါ့ရေးအတွက်လည်းကောင်း၊ အများပြည်သူ ဝန်ဆောင်မှုသတင်းစာနှင့် အကျိုးအမြတ်အား ရှေးရှုခြင်းမရှိသော သတင်းစာများ ဖြန့်ဖြူးရာတွင် သယ်ယူပို့ဆောင်ရေးစရိတ် သက်သာစေရေးအတွက်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း။

(ဆ) အများပြည်သူဝန်ဆောင်မှု မီဒီယာများအား ထောက်ပံ့ငွေများ ပေးနိုင်ရေးအတွက် တိကျသည့်လုပ်ငန်း မှတ်တမ်းထားရှိစေခြင်း။

၂၈။ ကောင်စီဝင်များသည် ကောင်စီမှ ထုတ်ပြန်ထားသော နည်းဥပဒေများအရ လစာစရိတ်၊ ခရီးသွားစရိတ်နှင့် နေ့တွက်စရိတ်များကို ခံစားပိုင်ခွင့်ရှိသည်။

၂၉။ ကောင်စီသည် နည်းဥပဒေပါ သတ်မှတ်ဖွဲ့စည်းပုံနှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၃၀။ ကောင်စီသည် ရုံးအဖွဲ့အတွက်လိုအပ်သော ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ၊ လစာစရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

## အခန်း(၆)
## အများပြည်သူဝန်ဆောင်မှုမီဒီယာအုပ်ချုပ်ရေးအဖွဲ့

၃၁။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် ပြည်သူလူထုကို ကောင်စီမှတစ်ဆင့် တာဝန်ခံရမည်။

၃၂။ အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို သတင်းစာပညာ သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ သို့မဟုတ် ဥပဒေရေးရာ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များတွင် အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင် ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသား လူမျိုးစုဝင်များ၊ ကျွမ်းကျင်သောပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ၊ အမျိုးသမီးများနှင့် လူငယ်များ စသည်တို့ဖြင့် သင့်လျော်ရာ အရေအတွက် အချိုးအစားသတ်မှတ်၍ ပါဝင်စေရမည်။

၃၃။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းပညာ သို့မဟုတ် စက်မှုအတတ်ပညာ သို့မဟုတ် ဥပဒေရေးရာ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များနှင့် အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင် ၁၁ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ၊ လူထုအဖွဲ့အစည်းဝင်များ၊ တိုင်းရင်းသားလူမျိုးစုဝင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ၊ အမျိုးသမီးများနှင့် လူငယ်များ စသည်တို့ဖြင့် သင့်လျော်ရာအရေအတွက် အချိုးအစားသတ်မှတ်၍ ပါဝင်စေရမည်။

၃၄။ အုပ်ချုပ်ရေးအဖွဲ့ဝင်များအား အောက်ဖော်ပြပါ အချက်အလက်များနှင့်အညီ ကောင်စီမှခန့်အပ်ရမည်-

(က) ရွေးချယ်ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်။

(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပညာရှင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) ပဏာမရွေးချယ်အဆိုပြုခံထားရသူများ၏ အမည်စာရင်းကို ပြည်သူလူထုက ဝေဖန်အကြံပြုနိုင်ရန် သတ်မှတ်ကာလကြိုတင် ထုတ်ပြန်ပေးရမည်။

(ဃ) အုပ်ချုပ်ရေးအဖွဲ့ဝင် ရွေးချယ်ရာတွင် ကောင်စီဝင်များ၏ ဆန္ဒမဲသုံးပုံနှစ်ပုံဖြင့် ဆုံးဖြတ်ရမည်။

၃၅။ အုပ်ချုပ်ရေးအဖွဲ့တွင် ရွေးချယ်ခန့်ထားခြင်းခံရသူသည်-

(က) နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

(ခ) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် တရားဝင် ရာထူးတာဝန်တစ်ခုခု ရယူထားသူမဖြစ်စေရ။

(ဂ) အစိုးရအဖွဲ့အစည်း တစ်ခုခုတွင် ခန့်အပ်တာဝန်ပေးခြင်းခံထားရသူ မဖြစ်စေရ။

(ဃ) မီဒီယာလုပ်ငန်းမှ သိသာထင်ရှားသည့် ငွေကြေးအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးအမြတ်ရရှိနေသူ သို့မဟုတ် အခကြေးငွေ ရရှိနေသူမဖြစ်စေရ။

(င) ကြီးလေးသော ရာဇဝတ်မှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်ပြီး တရားရုံးတစ်ခုခုမှ အပြစ်ပေးခြင်းခံခဲ့ရသူ မဖြစ်စေရ။

၃၆။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည်-

(က) အခန်း ၂ တွင် ဖော်ပြထားသည့် အခြေခံမူများကို ဖော်ဆောင်ရာတွင် လွတ်လပ်ပြီး သမာသမတ်ကျစွာ လုပ်ဆောင်ခွင့်ရှိရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ဂ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင်အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်အလွဲသုံးစားခြင်း မပြုရ။

၃၇။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် သုံးနှစ်သက်တမ်း နှစ်ကြိမ်ထက်ပို၍ ဆောင်ရွက်ခွင့်မရှိစေရ။

၃၈။ ကောင်စီသည် အုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည်-

(က) ပုဒ်မ ၃၅ အရ အဖွဲ့ဝင်အဖြစ်ခန့်အပ်ရန် အရည်အချင်းပြည့်မီမှု မရှိခြင်း။

(ခ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တရားရုံးတစ်ခုခုမှ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

(ဂ) ကောင်စီဝင်သုံးပုံနှစ်ပုံက တာဝန်မှ ရပ်စဲရန် သဘောတူညီခြင်း။

(ဃ) အုပ်ချုပ်ရေးအဖွဲ့ဝင်ကိုယ်တိုင် နုတ်ထွက်ခွင့် တင်ပြခြင်း။

(င) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း သုံးလထက်ပို၍ တာဝန်မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၃၉။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ကောင်စီမှ ထုတ်ပြန်ထားသော နည်းဥပဒေများအရ လစာစရိတ်၊ ခရီးစရိတ်နှင့် နေ့တွက်စရိတ်တို့ကို ခံစားပိုင်ခွင့်ရှိသည်။

၄၀။ အုပ်ချုပ်ရေးအဖွဲ့များသည်-

(က) အဖွဲ့တွင်း မူဝါဒများချမှတ်ခြင်း၊ အခန်း(၂)တွင် ဖော်ပြထားသော အခြေခံမူများနှင့် ကိုက်ညီမှုရှိစေခြင်း၊ အများပြည်သူ ဝန်ဆောင်မှု မီဒီယာအနေဖြင့် ငွေကြေးကိစ္စများနှင့် ပတ်သက်ပြီး သမာသမတ်ရှိစေခြင်း၊ သက်ဆိုင်ရာ အများပြည်သူ ဝန်ဆောင်မှုမီဒီယာ အကောင်အထည်ဖော်ရေး စီမံကိန်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊ အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ရာထူးအပါအဝင် အဆင့်မြင့်ရာထူးများ ခန့်ထားခြင်းတို့အတွက် တာဝန်ရှိသည်။

(ခ) အခန်း(၂)တွင် ဖော်ပြထားသည့် အခြေခံမူများကို လေးစားလိုက်နာရေးအတွက် ကြီးကြပ်ရန် တာဝန်ရှိသည်။ သို့သော် အယ်ဒီတာ လွတ်လပ်ခွင့်နှင့်အတူ အမှုဆောင်အဖွဲ့နှင့် သက်ဆိုင်ရာဝန်ထမ်းများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများအား မထိခိုက်စေရ။

(ဂ) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုအပ်သော ပြဋ္ဌာန်းချက်များ၊ အယ်ဒီတာဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အမှုဆောင်အဖွဲ့နှင့် တိုင်ပင်၍ ရေးဆွဲအတည်ပြုရမည်။

(ဃ) အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့ ၏ အသုံးစရိတ်နှင့် နှစ်ပတ်လည်အစီရင်ခံစာကို အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းပြုစု၍ ကောင်စီသို့ တင်ပြရမည်။

(င) သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ပေးပို့သည့် ကူညီပံ့ပိုးမှုများကို လက်ခံရယူပြီး စီမံခန့်ခွဲရမည်။

၄၁။ အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သည် ၎င်းတို့၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သောအစည်းအဝေးများနှင့် အခြားကိစ္စရပ်များအတွက် စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်ရမည်။

(ခ) ဦးဆောင်ညွှန်ကြားရေးမှူးသည် အုပ်ချုပ်ရေးအဖွဲ့၏ သီးခြားသတ်မှတ်ချက်မှတစ်ပါး မဲပေးခွင့်မရှိသည့် အဖွဲ့ဝင်အဖြစ် အစည်းအဝေး တက်ရောက်ရမည်။

(ဂ) အုပ်ချုပ်ရေးအဖွဲ့သည် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။ ဆန္ဒမဲတူနေပါက အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ မဲဖြင့် ဆုံးဖြတ်ရမည်။

၄၂။ အုပ်ချုပ်ရေးအဖွဲ့များသည် အဖွဲ့ဖွဲ့စည်းပြီးသည်နှင့် တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ အနည်းဆုံး ဆန္ဒမဲ သုံးပုံနှစ်ပုံဖြင့် အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းအတွက် ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦး သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအတွက် ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦးကို အသီးသီးရွေးချယ်ခန့်ထားရမည်။

၄၃။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူးအား အခန်း(၂) တွင် ဖော်ပြထားသော အခြေခံမူများကို လေးစားမှုမရှိခြင်း သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှုမီဒီယာ၏ အကျိုးစီးပွားအား မြှင့်တင်ရန်ပျက်ကွက်ခြင်း အပါအဝင် ဤဥပဒေအရ ၎င်း၏ တာဝန်များကို ချိုးဖောက်ကြောင်းခိုင်လုံသော အကြောင်းပြချက်ရှိပါက အဖွဲ့ဝင်များ၏ ဆန္ဒမဲ အနည်းဆုံး သုံးပုံနှစ်ပုံဖြင့် တာဝန်မှဖယ်ရှားနိုင်သည်။

၄၄။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဤဥပဒေပုဒ်မ (၄၃)အရ ရာထူးမှ ဖယ်ရှားခံရလျှင် ကောင်စီတွင် အယူခံ ဝင်ခွင့်ရှိသည်။

၄၅။ ဦးဆောင်ညွှန်ကြားရေးမှူးအား သုံးနှစ်သက်တမ်း ခန့်အပ်ရမည်ဖြစ်ပြီး သက်တမ်းပြည့်ပြီးပါက ထပ်မံခန့်အပ်နိုင်သည်။ ဦးဆောင်ညွှန်ကြားရေးမှူး၏ ရာထူးသက်တမ်းကုန်ပြီး နောက်ထပ်ဦးဆောင်ညွှန်ကြားရေးမှူး တစ်ယောက်အား အောင်မြင်စွာ ခန့်အပ်နိုင်ခြင်းမရှိလျှင် လက်ရှိဦးဆောင်ညွှန်ကြားရေးမှူးသည် ဦးဆောင်ညွှန်ကြားရေးမှူးအသစ် မခန့်အပ်နိုင်သေးမီကာလတွင် နောက်ထပ်သုံးလ တာဝန်ဆက်လက်ထမ်းဆောင်နိုင်သည်။

၄၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာ အယ်ဒီတာ မူဝါဒများအား လိုက်နာပြီး အယ်ဒီတာအဖွဲ့နှင့်အတူ လုပ်ငန်းတာဝန်များကို နေ့စဉ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၄၇။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ခန့်အပ်လိုသည့် အဆင့်မြင့်ဝန်ထမ်းများအား သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့သို့ အဆိုပြုရမည်။

၄၈။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သတ်မှတ်ထားသော ဘဏ္ဍာလျာထားချက်နှင့်အညီ လိုအပ်သည့်ဝန်ထမ်းအား ခန့်အပ်ရမည်။

၄၉။ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများသည်-

(က) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ခ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင်ခွင့်အလွဲသုံးစားခြင်း မပြုရ။

## အခန်း (၇)
## ကျင့်ဝတ်နှင့်လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်း

၅၀။ အုပ်ချုပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ အများပြည်သူ ဝန်ဆောင်မှု မီဒီယာအတွက် ကျင့်ဝတ်၊ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းနှင့် အခြေခံလုပ်ဆောင်မှုများကို ရေးဆွဲရန် တာဝန်ရှိသည်။ထိုသို့ ရေးဆွဲရာတွင်ပွင့်လင်းမြင်သာမှုရှိပြီး အယ်ဒီတာများ၊သတင်းထောက်များ၊ သတင်းတင်ဆက်သူများနှင့် ပြည်သူလူထုတို့ပါဝင်စေရမည်။

၅၁။ အုပ်ချုပ်ရေးအဖွဲ့က ရေးဆွဲသည့် ကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများသည် သက်ဆိုင်ရာ ဥပဒေများနှင့်ကိုက်ညီရမည်။

၅၂။ အများပြည်သူ ဝန်ဆောင်မှုမီဒီယာလုပ်ငန်း ကျင့်ဝတ်နှင့်စည်းမျဉ်းတို့တွင် အောက်ဖော်ပြပါ ကိစ္စရပ်များ ပါဝင်ရမည်-

(က) မှန်ကန်တိကျမှုနှင့် တရားမျှတမှု၊

(ခ) ပုဂ္ဂလိက လွတ်လပ်ခွင့်၊ အနှောင့်အယှက်ပေးမှုနှင့် လိမ်လည်လှည့်ဖြားမှု၊

(ဂ) ကလေးသူငယ်များအား ကာကွယ်မှု၊

(ဃ) လိင်မှုဆိုင်ရာနှင့် ကြမ်းတမ်းသော စကားလုံးများ သုံးနှုန်းမှု၊

(င) နစ်နာသူနှင့် ပူဆွေးသောကရောက်သူများ အပေါ် ဆက်ဆံမှု၊

(စ) ပြစ်မှု သို့မဟုတ် လူ့ကျင့်ဝတ် ဖောက်ဖျက်မှု၊

(ဆ) ကြော်ငြာထည့်သွင်းမှု၊

(ဇ) သတင်းအချက်အလက်အတွက် ငွေကြေးပေးကမ်းခြင်းနှင့် ကိုယ်ကျိုးစီးပွားဆိုင်ရာ ငွေကြေးပြဿနာများ၊

(ဈ) ခွဲခြားဆက်ဆံမှု၊

(ည) သတင်းပေါက်ကြားမှုနှင့် သတင်းအရင်းအမြစ်များအား ကာကွယ်မှု။

၅၃။ မည်သူမဆို ပုဒ်မ ၅၀ နှင့် ၅၂ တွင် ဖော်ပြထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းချိုးဖောက်မှုများအတွက် အုပ်ချုပ်ရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။ အုပ်ချုပ်ရေးအဖွဲ့က တရားမျှတစွာ ဖြေရှင်းပေးရမည်။

၅၄။ ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်အရ အဆိုပါ တိုင်ကြားချက်အား ဖြေရှင်းရန်အတွက် အုပ်ချုပ်ရေးအဖွဲ့က တိုင်ကြားမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို ရေးဆွဲထားရမည်။

၅၅။ ပုဒ်မ ၅၄ ၌ ဖော်ပြသော လုပ်ငန်းစဉ်တွင် ဖောက်ဖျက်ကျူးလွန်ခဲ့သည့် အချက်နှင့် ပတ်သက်၍ မှားယွင်း ဖော်ပြချက်အား အမှန်ပြင်ခြင်း၊ တုံ့ပြန်ဖြေရှင်းခွင့်ပြုခြင်းနှင့် တောင်းပန်ခြင်းတို့ပါဝင်သော သင့်လျော်သည့် ဖြေရှင်းချက်များကို ဖော်ပြရမည်။

## အခန်း (၈)
## အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း

၅၆။ အများပြည်သူ ဝန်ဆောင်မှုသတင်းစာသည် ပုံနှိပ်မီဒီယာသာမက အွန်လိုင်းမီဒီယာကို အသုံးပြုသော သတင်းစာဖြစ်ရမည်။

၅၇။ ဒေသန္တရဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံတော်အဆင့် သက်ဆိုင်သော ကိစ္စရပ်များနှင့် အရေးကြီး အဖြစ်အပျက်များ အများဆုံးပါဝင်သည့် နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့် ပြည်တွင်းထုတ်ဝေစာများအား ထုတ်ဝေရန် ကြိုးပမ်းအားထုတ်ရမည်။

၅၈။ အများပြည်သူဝန်ဆောင်မှုသတင်းစာသည် အခြားသော ထုတ်ဝေစာများ ထုတ်ဝေခြင်းကို အခန်း(၂) တွင် ဖော်ပြထားသည့် အခြေခံမူများနှင့်အညီ လုပ်ကိုင်နိုင်သည်။

၅၉။ အများပြည်သူဝန်ဆောင်မှု သတင်းစာသည် စီးပွားဖြစ်လုပ်ဆောင်သည့် ဝန်ဆောင်မှုများမှ အကျိုးအမြတ်များဖြင့် အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်း လည်ပတ်ရန်အတွက် အသုံးပြုနိုင်သော်လည်း အဆိုပါစီးပွားဖြစ် လုပ်ဆောင်သည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်ရန်ပုံငွေမှ အသုံးမပြုရ။

## အခန်း (၉)
## အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း

၆၀။ အများပြည်သူဝန်ဆောင်မှုရေဒီယို ရုပ်သံလွှင့်လုပ်ငန်းသည်-

(က) နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်သည့် မြေပြင်အခြေစိုက် အခမဲ့ အများပြည်သူ ဝန်ဆောင်မှုရေဒီယိုလိုင်းနှင့် ရုပ်သံလိုင်းများကို ထုတ်လွှင့်ပေးနိုင်ရမည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

❍ စာမျက်နှာ ၉ မှ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့လည်း သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားဖြင့် ရေဒီယိုနှင့်ရုပ်သံလိုင်း ထုတ်လွှင့်ပေးနိုင်ရမည်။

(ဂ) အထက် ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)ပါ ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လှိုင်းနှုန်းများအား ရေဒီယို ရုပ်သံလွှင့်ဥပဒေနှင့်အညီ သတ်မှတ်ပေးရမည်။

၆၁။ ပုဒ်မ ၆၀ တွင် သတ်မှတ်ထားသည့် ရေဒီယိုရုပ်သံ ထုတ်လွှင့်မှုလိုင်းများအပြင် ဂြိုဟ်တုမှ တစ်ဆင့်ထုတ်လွှင့်ခြင်း၊ ကေဘယ် သို့မဟုတ် အခြားသောနည်းပညာများ အသုံးပြု၍ ထုတ်လွှင့်ခြင်းတို့ဖြင့် အများပြည်သူ ဝန်ဆောင်မှုအတွက် ထပ်တိုးလိုင်းများ အား ထုတ်လွှင့်ခွင့်ရှိသည်။

၆၂။ အများပြည်သူဝန်ဆောင်မှုရေဒီယို ရုပ်သံလွှင့်လုပ်ငန်းသည်-

(က) ရုပ်သံထုတ်လွှင့်ခြင်း၊ ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဖန်သားပြင်တွင် စာတန်းထိုးပြခြင်း သို့မဟုတ် အကြောင်းအရာများအား ဖြန့်ချိခြင်းတို့ အပြင် အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်ခြင်းတို့ကို အခန်း ၂ ပါ အခြေခံမှုများနှင့်အညီ လုပ်ဆောင်နိုင်သည်။

(ခ) စီးပွားဖြစ်လုပ်ဆောင်သည့် ဝန်ဆောင်မှုများမှ အကျိုးအမြတ်များဖြင့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်း လည်ပတ်ရန်အတွက် အသုံးပြုနိုင်သော်လည်း အဆိုပါစီးပွားဖြစ်လုပ်ဆောင်သည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်ရန်ပုံငွေမှ အသုံးမပြုရ။

၆၃။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းသည်-

(က) ထုတ်လွှင့်ပြီးသော အစီအစဉ်များ၏ မူရင်းရုပ်သံမှတ်တမ်းအား အနည်းဆုံး ၂၈ ရက်ကြာသည်အထိ သိမ်းထားရမည်။

(ခ) အဆိုပါ ထုတ်လွှင့်မှုသည် အငြင်းပွားချက် သို့မဟုတ် တိုင်ကြားချက်အတွက် သက်သေခံ အထောက်အထားတစ်ခုဖြစ်လျှင် ၎င်းမူရင်းရုပ်သံမှတ်တမ်းအား အငြင်းပွားချက် သို့မဟုတ် တိုင်ကြားချက်အား ဖြေရှင်းပြီးသည်အထိ သိမ်းထားရမည်။

**အခန်း(၁၀)**

**ရန်ပုံငွေ**

၆၄။ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည် နိုင်ငံတော်ဘဏ္ဍာမှ တိုက်ရိုက်ထောက်ပံ့ငွေအဖြစ် အောက်ပါအတိုင်း ရခွင့်ရှိသည်-

(က) အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည် နှစ်စဉ်နိုင်ငံတော်၏ ဘဏ္ဍာရေးအရအသုံးဆိုင်ရာ ဥပဒေအရ လုပ်ငန်းလည်ပတ်ရန် လိုအပ်သော အသုံးစရိတ်၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းကို လွှတ်တော်မှ ပြဋ္ဌာန်းသည့်အတိုင်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှသော်လည်းကောင်း၊ အလားတူ ပမာဏရှိသော လွှတ်တော်မှ သတ်မှတ်ပေးသည့် အခွန်အခ တစ်မျိုးမျိုးမှသော်လည်းကောင်း ရရှိရမည်။ အဆိုပါ နှစ်စဉ်ထောက်ပံ့ငွေအား ၎င်းတို့ထံ တိုက်ရိုက်ထုတ်ပေးရမည်။

(ခ) အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အသီးသီးက ၎င်းတို့၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို တွက်ချက်ပြုစု၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေရရှိရေးအတွက် ကောင်စီမှတစ်ဆင့် တင်ပြရမည်။

၆၅။ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း လည်ပတ်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေ ၃၀ ရာခိုင်နှုန်းအား အောက်ဖော်ပြပါအတိုင်း ရှာဖွေရမည်-

(က) **ပုံနှိပ်ထုတ်ဝေသောကြော်ငြာ။** ကြော်ငြာကဏ္ဍနှင့်ပတ်သက်၍ အောက်ပါ အချက်များကို လိုက်နာရမည်-

(၁) ပုံနှိပ်စာမျက်နှာ၏ ၇၀ ရာခိုင်နှုန်းကို သတင်းနှင့် သတင်းအချက် အလက်များ ဖော်ပြရန်နှင့် ကျန် ၃၀ ရာခိုင်နှုန်းကိုသာ ကြော်ငြာ ကဏ္ဍအတွက် အသုံးပြုရမည်။

(၂) အယ်ဒီတာများသည် ကြော်ငြာရှင်များ၏ လွှမ်းမိုးမှုမခံစေရ။

(၃) ကြော်ငြာခနှုန်းထားကို အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုသတ်မှတ် ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု။

(ဂ) သတင်းစာရောင်းချရငွေ။

(ဃ) အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းအပေါ် စွက်ဖက်မှုမရှိသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လှူဒါန်းငွေ။

၆၆။ အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်း လည်ပတ်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေ ၃၀ ရာခိုင်နှုန်းအား အောက်ဖော်ပြပါအတိုင်း ရှာဖွေရမည်-

(က) **ကြော်ငြာများ။** အောက်ဖော်ပြပါ အချက်များအား လိုက်နာပြီး ကြော်ငြာများ လက်ခံနိုင်သည်-

(၁) ကြော်ငြာပါဝင်မှုသည် တစ်နေ့တာရေဒီယို ရုပ်သံထုတ်လွှင့်မှုအချိန် စုစုပေါင်း၏ ၇ ဒသမ ၅ ရာခိုင်နှုန်းထက်လည်းကောင်း၊ သတ်မှတ် အစီအစဉ်တစ်ခု ထုတ်လွှင့်ချိန်၏၁၀ ရာခိုင်နှုန်းထက်လည်းကောင်း ကျော်လွန်ခြင်း မရှိစေရ။

(၂) ရေဒီယိုရုပ်သံလွှင့် အစီအစဉ်များသည် ကြော်ငြာရှင်များ၏ လွှမ်းမိုးမှု မခံစေရ။

(၃) ကြော်ငြာခနှုန်းထားကို အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုသတ်မှတ် ပေးရမည်။

(ခ) **ကူညီပံ့ပိုးမှု။** အောက်ဖော်ပြပါ အချက်များအား လိုက်နာပြီး ကူညီပံ့ပိုးမှုများ လက်ခံနိုင်သည်-

(၁) ကူညီပံ့ပိုးမှုယူထားသော အစီအစဉ်များအား အစီအစဉ် အစနှင့် အဆုံးပိုင်းတွင် ထိုသို့ အကူအညီရယူထားကြောင်း ရှင်းလင်းစွာ ကြေညာရမည်။

(၂) ကူညီပံ့ပိုးမှုသည် ရေဒီယိုရုပ်သံလွှင့်အစီအစဉ်နှင့်အစီအစဉ်ပါ အကြောင်း အရာများအား မည်သို့မျှ ထိခိုက်မှုမရှိစေရ။

(၃) သတင်းအစီအစဉ်များအတွက် ကူညီပံ့ပိုးမှုမယူရ။

**အခန်း (၁၁)**

**တာဝန်ယူမှု**

၆၇။ အုပ်ချုပ်ရေးအဖွဲ့သည် နှစ်စဉ်အစီရင်ခံစာအား ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးသော စာရင်းများနှင့်အတူ အများပြည်သူအား အသိပေးရမည်။ နှစ်စဉ် အစီရင်ခံစာတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရမည်-

(က) နှစ်စဉ်ဝင်ငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးချက် အကျဉ်းချုပ်။

(ခ) အများပြည်သူ ဝန်ဆောင်မှုမီဒီယာလုပ်ငန်းမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အပြည့်အဝပိုင်ဆိုင်သည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်။

(ဂ) လာမည့်နှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း။

(ဃ) ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များ။

(င) ပြီးခဲ့သောနှစ်အတွက် ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လာမည့်နှစ်အတွက် ရည်မှန်းချက်များ။

(စ) အများပြည်သူဝန်ဆောင်မှု မီဒီယာ၏ အယ်ဒီတာဆိုင်ရာ မူဝါဒ။

(ဆ) အစီအစဉ်ရေးဆွဲထားမှုနှင့် အစီအစဉ်ပြောင်းလဲမှု။

(ဇ) အများပြည်သူ ဝန်ဆောင်မှုသတင်းစာထုတ်ဝေခြင်း သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းနှင့် ပတ်သက်သော အကြံပြုချက်များ။

(ဈ) စာဖတ်သူ သို့မဟုတ် ပရိသတ်များထံမှ တိုင်ကြားချက်များနှင့်ပတ်သက်သော အချက်အလက်များ။

၆၈။ အုပ်ချုပ်ရေးအဖွဲ့သည် မိမိတို့၏ နှစ်ပတ်လည် အစီရင်ခံစာကို ကောင်စီသို့ ပေးပို့ တင်ပြရမည်။ ကောင်စီသည် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ နှစ်ပတ်လည် အစီရင်ခံစာကို စုစည်း၍ မိမိတို့၏ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတနှင့် လွှတ်တော်သို့ တစ်ပြိုင်နက်တည်း အစီရင်ခံရမည်။

၆၉။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူး၏ လုပ်ဆောင်ချက်နှင့်ပတ်သက် ပြီး ကောင်စီထံအကဲဖြတ်ချက်နှင့် သုံးသပ်ချက်ပေးပို့ အစီရင်ခံခြင်းအား နှစ်စဉ်ပြုလုပ်ရ မည်။ အဆိုပါ သုံးသပ်ချက်အား ထုတ်ပြန်ကြေညာပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရ မည်။

**အခန်း (၁၂)**

**တားမြစ်ချက်နှင့် ပြစ်ဒဏ်**

၇၀။ (က) မည်သူမဆို အများပြည်သူ ဝန်ဆောင်မှုမီဒီယာလုပ်ငန်းအတွက် မီဒီယာ လုပ်ငန်းတာဝန်ထမ်းဆောင်နေသော အယ်ဒီတာ၊ သတင်းထောက်နှင့် မီဒီယာလုပ်ငန်းလုပ်ကိုင်သူများကို နှောင့်ယှက်ခြင်း၊ ဥပဒေနှင့်အညီ မဟုတ်ဘဲ အရေးယူခြင်း မပြုရ။

(ခ) မည်သူမဆို အထက်ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန် ပါက ငွေဒဏ် ကျပ်ငါးသိန်းအထိ ချမှတ်ခြင်းခံရမည်။

**အခန်း (၁၃)**

**ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်**

၇၁။ ဤဥပဒေအာဏာတည်ပြီး ကိုးလအတွင်း ကောင်စီကိုလည်းကောင်း၊ တစ်ဆယ့် နှစ်လအတွင်း အုပ်ချုပ်ရေးအဖွဲ့ကို လည်းကောင်း ဖွဲ့စည်းရမည်။

၇၂။ ဤဥပဒေအရ ဖွဲ့စည်းသော ကောင်စီနှင့်အုပ်ချုပ်ရေးအဖွဲ့တို့က လုပ်ငန်းများ လွှဲပြောင်းလက်ခံဆောင်ရွက်ခြင်းမပြုနိုင်မီ အချိန်အထိ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့ကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၇၃။ နိုင်ငံပိုင်သတင်းစာနှင့် ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအား အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် ကူးပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒပြုသော အရာထမ်း၊ အမှုထမ်းများအား သက်ဆိုင်ရာအများပြည်သူ ဝန်ဆောင်မှုမီဒီယာလုပ်ငန်းများ၏ သတ်မှတ်အရည်အချင်းစံနှုန်းများနှင့် ကိုက်ညီပါက ဦးစားပေးရွေးချယ်ခန့်ထားရမည်။

၇၄။ ကူးပြောင်းရေးဆောင်ရွက်စဉ် ကူးပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အရာထမ်း၊ အမှုထမ်းများအား ဝန်ကြီးဌာနအတွင်း ဆက်လက်ခန့်ထားပေးရမည်။

၇၅။ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တို့မှ အရာထမ်း၊ အမှုထမ်းများသည် ဤဥပဒေအရ အများပြည်သူဝန်ဆောင်မှု မီဒီယာ လုပ်ငန်းများတွင် ခန့်အပ်ခြင်းခံရပါက အစိုးရဝန်ထမ်းအဖြစ်မှ ရပ်စဲခြင်းခံရမည်။ သို့ရာတွင် ၎င်းတို့၏အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက် အပေါ် မူတည်ပြီး လျော်ကြေးပင်စင် သို့မဟုတ် အငြိမ်းစားပင်စင်လစာကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ခံစားခွင့်ရှိသည်။

၇၆။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညှိနှိုင်း၍ ဝန်ထမ်းစွမ်း ဆောင်ရည်မြင့်မားရေးနှင့် ထုတ်လုပ်မှုတိုးတက်စေရေးအတွက် လုပ်ငန်းတစ်ခုချင်း၏ အကျိုးအမြတ်အပေါ် မူတည်လျက် ဝန်ထမ်းများအား ဆုကြေးငွေများ ချီးမြှင့်နိုင်သည်။

**အခန်း(၁၄)**

**အထွေထွေ**

၇၇။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည်-

(က) အွန်လိုင်းဝန်ဆောင်မှုကို ပေးနိုင်သည်။

(ခ) အွန်လိုင်းတွင်တင်ထားသည့် အစီအစဉ်များအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသောအခွင့်အရေး၊ လွတ်လပ်ခွင့်နှင့် တာဝန်ယူမှုတို့ ရှိရမည်။

(ဂ) သက်ဆိုင်ရာ မော်ကွန်းတိုက်တစ်ခုစီ တည်ထောင်ရမည်။

(ဃ) မော်ကွန်းတိုက်ရှိ အချက်အလက်များကို အွန်လိုင်းပေါ်တွင် ရရှိနိုင်အောင် ကြိုးစားဆောင်ရွက်ရမည်။

၇၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာထားသည့် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီမဟုတ်ဘဲ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း၊ အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းနှင့် စီးပွား ဖြစ်မဟုတ်သည့် မီဒီယာများသည် မည်သည့်နိုင်ငံရေးပါတီ သို့မဟုတ် နိုင်ငံရေးပါတီမှ ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းအတွက် ကြော်ငြာများ ထည့်သွင်းခြင်းမပြုရ။

၇၉။ ကောင်စီသည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီဝင်အများစု၏ သဘောတူညီ ချက်ဖြင့် ထုတ်ပြန်နိုင်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် မေ ၁၉**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် မေ ၁၆ ရက် နံနက် ၉ နာရီခွဲတွင်ကျင်းပသည့် ဖလမ်းမြို့နယ် တိုးချဲ့ရေပေးရေးရေဂါလန်တစ်သောင်းဆံ့ ရေလှောင်ကန်ဖွင့်ပွဲသို့ တက်ရောက်ပြီး ရေရှည်အသုံးပြုနိုင်ရေးနှင့် ရေပေးဝေမှု စနစ်တကျဆောင်ရွက်ရေး မှာကြားကာ တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် တီးတိန်မြို့ ကမ်းဟောက်ခန်းမ၌ ကျင်းပသည့် မြေတောင်ဒေသသတ္တုတူးဖော်ရေးလုပ်ငန်း ပွင့်လင်းမြင်သာမှုရှိစေရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်/မြို့နယ်ခွဲ/ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ လယ်ယာမြေ စီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။**(သတင်းစဉ်)**



# ကြက်သွန်ဖြူ၊ ကြက်သွန်နီ ဈေးနှုန်း ကျဆင်းလာ

**ရန်ကုန် မေ ၁၉**

ရန်ကုန်ဆိပ်ကမ်းသို့ လူစီးကုန်တင်သင်္ဘော ဖျာပုံမှ နှစ်စင်း၊ ကျိုက်လတ်မှ တစ်စင်း၊ မော်ကျွန်းမှ သုံးစင်းနှင့် ဆန်သီးသန့်တင်သင်္ဘော တစ်စင်း စုစုပေါင်း ခုနစ်စင်းဖြင့် မေ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်လမ်းမတော် ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်လာရာ သင်္ဘောခြောက်စင်းတွင် ဆန်အိတ်ရေ နှစ်သောင်း၊ ငါးသောင်း ဝန်းကျင်ပါလာကြောင်း အဆိုပါ သင်္ဘောများမှ ကုန်တာဝန်ခံတစ်ဦးနှင့် ဆန်ကုန်သည်များထံမှ သိရသည်။

ယခင်ရန်ကုန်သို့ ရေလမ်းခရီးဖြင့် ပုံမှန်ပျမ်းမျှ ဆန်အိတ်ရေလေးသောင်းဝန်းကျင် ဝင်ရောက်မှုရှိရာ မဟာစင်မုန်တိုင်းသတိပေးချက် ထုတ်ပြန်ပြီးနောက် မေ ၁၅ ရက်တွင် ရေလမ်းမှ အိတ်ရေ ၇၀၀၀၊ မေ ၁၆ ရက်တွင် အိတ်ရေ ၁၀၀၀၀ ဝန်းကျင် ဝင်ရောက်ပြီး မေ ၁၇ ရက်တွင် ဝင်ရောက်မှုမရှိရာမှ မေ ၁၈ ရက်တွင် ဆန်ဝင်ရောက်မှုများပြားလာပြီး ဘဲဥ၊ ကြက်ခြင်းအစရှိသော မြစ်ဝကျွန်းပေါ်ဒေသ ထွက်ကုန်များပါရှိကြောင်း၊ လူစီး၊ ကုန်တင်သင်္ဘောများတွင် ခရီးသည်လိုက်ပါမှုမှာ လွန်စွာနည်းနေသေးကြောင်း မော်ကျွန်းသင်္ဘောတာဝန်ခံတစ်ဦးက ဆိုသည်။

ရန်ကုန်ဈေးကွက်သို့ ဆန်အိတ်များ ရေလမ်းခရီးမှ များပြားစွာဝင်ရောက်မှုနှင့်အတူ မေ ၁၈ ရက် ဝါးတန်းကုန်စည်ဒိုင်တွင် နှံ့ဆန်(အကြမ်း) ဈေးနှုန်းများ သိသာစွာ ဈေးနှုန်းချရောင်းလာကြောင်း၊ မေ ၁၆ ရက်တွင် နှံ့ဆန်တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ နှုန်း ဈေးနှုန်းမြင့် ရောင်းသော်လည်း မေ ၁၈ ရက်တွင် ကျပ် ၁၇၂၀၀ နှုန်းဖြင့်သာ အရောင်းအဝယ်ဖြစ်ကြောင်း ဆန်ကုန်သည်တစ်ဦးက ဆိုသည်။ မေ ၂၀ ရက် (တနင်္လာနေ့)တွင် နယ်စုံမှ ဆန်စုံဝင်ရောက်မှုရှိလာနိုင်ရာ အခြားဆန်ဈေးနှုန်းများ ပြောင်းလဲမှုရှိ၊ မရှိ ဆန်ကုန်သည်များက စောင့်ကြည့်အကဲခတ်နေကြကြောင်း၊ မေ ၁၆ နှင့် ၁၇ ရက်တို့တွင် ဆန်ကုန်စည်ဒိုင်တွင် ဆန်ဈေးနှုန်းများ ဈေးမြင့်ရောင်းသော်လည်း အရောင်းအဝယ်ဖြစ်မှုနည်းကြောင်း၊ ယခုရက်ပိုင်း နိုင်ငံခြားငွေ လဲလှယ်နှုန်း ကျပ် ၉၃၀ အထက်သို့ ရောက်ရှိလာသည့်အတွက် ပြည်ပပို့ ဆန်တစ်တန် (အိတ် ၂၀) လျှင် မြန်မာငွေ ကျပ် တစ်သောင်းငါးထောင်၊ တစ်အိတ်လျှင် ကျပ် ခုနစ်ရာဝန်းကျင်ဈေးနှုန်းပိုရလာကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းဆန်ဈေးကွက်တွင် ပြည်ပပို့ဆန် ၂၅ မှတ်ဆန်ဈေးနှုန်းများ၊ တရုတ်နယ်စပ်ပို့ ဆန်ကြမ်းဈေးနှုန်းများ ဈေးမြင့်ဝယ်ယူမှုရှိ၊ မရှိကိုပါ ဆန်ကုန်သည်များက စောင့်ကြည့်နေကြဆဲဖြစ်သည်ဟု သိရသည်။

မေ ၁၈ ရက်တွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဈေးနှုန်းများပါ ကျဆင်းလာရာ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ၄၁၅-၄၄၀-၄၅၀-၄၆၅ ကျပ်၊ တောင်တွင်း ၄၂၅-၄၆၅-၄၆၅-၄၇၅ နှုန်း၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၁၀၀-၁၃၀၀-၁၅၀၀-၁၇၀၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၂၀၀ နှုန်းသာရှိကြောင်း ဈေးကွက်မှသိရသည်။ တစ်ပိဿာလျှင် ၁၅၂၅ ကျပ်ရှိခဲ့သော စားအုန်းဆီဈေးမှာ မေ ၁၇ ရက်တွင် ၁၅၀၅ ကျပ်သာရှိကြောင်း သိရသည်။ **(မောင်စေအောင်)**

# ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် (၁၂၅)အနီး၌ ယာဉ်တိုက်မှုဖြစ်ပွား

**တောင်ငူ မေ ၁၉**

တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်(၁၂၅)အနီး ထမင်းဆိုင်ရှေ့၌ မေ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရေတာရှည်ဘက်မှ မောင်းနှင်လာသော ၄ဂ/----- နောက်တွဲပါ ယာဉ်မှာ လမ်းချော်ပြီး ရပ်ထားသော လိုက်ထရပ် ၈စ/---- ယာဉ်အားတိုက်မိရာ လိုက်ထရပ်ယာဉ်မှာ လဲကျပြီး**(ဝဲပုံ)** လမ်းဘေးရှိ ဆိုင်ကယ်လေးစီးအား တိုက်မိသဖြင့် လူ လေးဦး ဒဏ်ရာရသွားကြောင်း သိရသည်။

(ဝ၁၆)

နိုင်ငံတကာသတင်း

# နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုးခန့်ရှိ မောင်းသူမဲ့ဒရုန်းလေယာဉ်များ အစ္စရေးရောင်းချ

တဲလ်အဗစ် မေ ၁၉

**အစ္စရေးအစိုးရက မေ ၁၁ ရက်တွင် မြေထဲပင်လယ်ကောင်းကင်ယံ၌ ရှိုဗယ်အမျိုးအစား မောင်းသူမဲ့လေယာဉ်တစ်စင်းအား နည်းပညာဆိုင်ရာ ချွတ်ယွင်းမှုများဖြစ်ပေါ်၍ ပစ်ချခဲ့ကြောင်း၊ အစ္စရေးအစိုးရအနေဖြင့် နှစ်စဉ်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့်ရှိသည့် မောင်းသူမဲ့ဒရုန်းလေယာဉ်များအား ပြည်ပသို့တင်ပို့ရောင်းချရကြောင်း အစ္စရေးနေ့စဉ်ထုတ်သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့သည်။**

ဝိုင်နက်နေ့စဉ်သတင်းစာ ဝက်ဘ်ဆိုက်တွင် မကြာသေးမီကဖော်ပြချက်အရ ကမ္ဘာ့နိုင်ငံပေါင်း ၄၉ နိုင်ငံကျော်ခန့်သည် အစ္စရေးအစိုးရလေကြောင်းအာကာသစက်မှုလုပ်ငန်း၏ ဖောက်သည်များဖြစ်သည်ဟု ဆိုသည်။

အစ္စရေးနိုင်ငံ၏ စစ်ဘက်လေယာဉ်များနှင့် လေယာဉ်မှူးများအား လာမည့်နှစ် အနည်းငယ်အတွင်း၌ မောင်းသူမဲ့လေယာဉ်များဖြင့် အစားထိုး ဖယ်ရှားလိမ့်မည်ဟု အစ္စရေးလေကြောင်း အာဏာပိုင် စက်မှုလုပ်ငန်းမှ ထွက်ပေါ်လာသော အစီရင်ခံစာအရသိရှိရပြီး အစ္စရေးနိုင်ငံမှ ထုတ်လုပ်သော မောင်းသူမဲ့ ဒရုန်းလေယာဉ်အရေအတွက်၏ ၈၀ ရာခိုင်နှုန်းမှာ ပြည်ပသို့တင်ပို့ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

အစ္စရေးနိုင်ငံသည် ၁၉၈၂ ခုနှစ်ကတည်းကပင် မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်ခဲ့ပြီး လက်ဘနွန်စစ်ပွဲကာလအတွင်းကပင် အစ္စရေးစစ်ဘက်က အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ပျံသန်းသော လေယာဉ်များကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

ဆက်သွယ်မှုစနစ် ပြတ်တောက်ကာ မြေပြင်ထိန်းချုပ်မှု ကင်းမဲ့သွားခြင်းကြောင့် မြေထဲပင်လယ်ကောင်းကင်ယံတွင် မေ ၁၁ ရက်က မောင်းသူမဲ့လေယာဉ်ကို ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားသော်လည်း အခြားသတင်းများအရ လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာလှုပ်ရှားမှုအဖွဲ့က အမေရိကန်ဒေါ်လာ ၁၀ သန်းတန် ယင်းမောင်းသူမဲ့လေယာဉ်အား ပစ်ချခြင်းမပြုမီ ထိန်းချုပ်မှုများ ပြုလုပ်ခဲ့သည်ဟု ဖော်ပြသည်။

ရိုက်တာ။



အစ္စရေးနိုင်ငံမှ ထုတ်လုပ်သည့် မောင်းသူမဲ့ ဒရုန်းလေယာဉ်တစ်စင်းအား တွေ့ရစဉ်။

## ရုရှားလေယာဉ်တစ်စင်း ကွင်းအဆင်း မီးလောင်မှုဖြစ်ပွား

မော်စကို မေ ၁၉

ရုရှားနိုင်ငံတွင် လူ ၁၇၀ ကျော်လိုက်ပါလာသည့် လေယာဉ်တစ်စင်းသည် မော်စကိုမြို့၌ ဆင်းသက်စဉ်မီးလောင်မှုဖြစ်ပွားကြောင်း၊ ခရီးသည်များကို လေယာဉ်တောင်ပံတစ်ခုမှ ခုန်ချစေ၍ကယ်တင်ခဲ့ရကြောင်း တနင်္ဂနွေနေ့ အေပီသတင်းတွင် ဖော်ပြသည်။

ဗီချူကိုမိုလေဆိပ်၌ စနေနေ့က ဘိုးရင်း ၇၃၇ လေယာဉ်၏ အဆင်းဂီယာမီးလောင်ခဲ့သော်လည်း ခရီးသည်များနှင့် လေယာဉ်အမှုထမ်းအားလုံး တစ်စုံတစ်ဦးမျှထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အရေးပေါ်ဝန်ကြီးဌာနက ပြောကြားသည်။

ဝန်ကြီးဌာနမှထုတ်ပြန်သော ကြေညာချက်တွင် ရုရှားလေကြောင်းလိုင်း ယူတီအဲယားပိုင်လေယာဉ်သည် နိုင်ငံအရှေ့ပိုင်း စတပ်ရိုပူးလ်မြို့မှ မော်စကိုမြို့သို့ ပျံသန်းလာခဲ့သည်ဟု ဖော်ပြသည်။

လေယာဉ်ပေါ်တွင် ခရီးသည် ၁၇၆ ဦးနှင့် အမှုထမ်းခြောက်ဦးပါလာခဲ့သည်ဟု ဝန်ကြီးဌာနကပြောသော်လည်း လေကြောင်းလိုင်းကမူ ခရီးသည် ၁၂၉ ဦးသာ ပါသည်ဟုဆိုသည်။

အေပီ၊

# ဆီးရီးယားသူပုန်များ၏ အမာခံမြို့အား အစိုးရတပ်ဖွဲ့များ ထိုးစစ်ဆင်တိုက်ခိုက်

ဒမတ်စကတ် မေ ၁၉

**ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် ဆီးရီးယားသူပုန်တို့၏ အမာခံမြို့ဖြစ်သည့် ကွီဆာမြို့ဝန်းကျင်တွင် ဦးတည်ရာလမ်းကြောင်းများစွာမှ ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း ဆီးရီးယားအစိုးရပိုင် ရုပ်သံမှထုတ်လွှင့်ကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။**

လက်ဘနွန်နယ်စပ်အနီးရှိ ၎င်းမြို့တွင် တိုက်ပွဲဆက်လက်ဖြစ်ပွားနေပြီး ယင်းသို့တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်မှာ ရက်သတ္တတစ်ပတ်ခန့် ရှိပြီဖြစ်ကြောင်း၊ ဆီးရီးယားအစိုးရဆန့်ကျင်ရေးအုပ်စုများ၏အဆိုအရ ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့်အတူ လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာလှုပ်ရှားမှုအဖွဲ့ဝင်များလည်း ပါဝင်တိုက်ခိုက်သည်ဟု ဆိုသည်။

ကွီဆာမြို့သည် ဆီးရီးယားအစိုးရတပ်ဖွဲ့နှင့် သူပုန်အဖွဲ့နှစ်ဖွဲ့စလုံးအတွက် မဟာဗျူဟာကျသော အနေအထားရှိပြီး ဆီးရီးယားအစိုးရတပ်ဖွဲ့များက ယင်းမြို့အား ပြန်လည်သိမ်းပိုက်ရရှိပါက ဆီးရီးယားနိုင်ငံ မြို့တော်နှင့် ကမ်းခြေသွားလမ်းကို လုံခြုံသွားစေနိုင်မည်ဖြစ်သည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏ အဓိကမဟာမိတ်ဖြစ်သူ ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံ၏ ရေနက်ဆိပ်ကမ်းမြို့ တာတပ်စ်တွင် အသေးစားရေတပ်သဘောပြုပြင်ထိန်းသိမ်းရေးစခန်းတစ်ခု တည်ဆောက်ထားသည်။

ဘီဘီစီ။

# ဆော်ဒီအမျိုးသမီး ဧဝရတ်တောင်ထိပ်ရောက် သမိုင်းမှတ်တိုင်စိုက်ထူ

ခတ္တမန္ဒူ မေ ၁၉

ဆော်ဒီအမျိုးသမီး တစ်ဦးသည် ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်သို့ ရောက်ရှိပြီး သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်ဟု ဘီဘီစီက မေ ၁၈ရက်တွင် ပြောကြားခဲ့သည်။

အသက် ၂၅ နှစ်ရှိ ရာဟာမိုဟာရက်သည် ဧဝရတ်တောင်ထိပ်သို့ ပထမဆုံးခြေချခဲ့သည့် ဆော်ဒီအမျိုးသမီးတစ်ဦး ဖြစ်သည်သာမက အငယ်ဆုံးအာရပ်အမျိုးသမီးတစ်ဦးလည်းဖြစ်သည်။

ပထမဆုံးအကြိမ် တောင်တက်ကြမည့် ကာတာအမျိုးသားတစ်ဦးနှင့် ပါလက်စတိုင်း အမျိုးသားတစ်ဦးတို့ပါဝင်သော ဧဝရတ်တောင်ထိပ်သို့ တက်ရောက်ရန်ကြိုးစားသည့် လေးဦးအဖွဲ့တွင် ရာဟာလည်း ပါဝင်သည်။

၎င်းတို့သည် နီပေါနိုင်ငံ၏ပညာရေးစီမံကိန်းများအတွက် ရန်ပုံငွေဒေါ်လာ တစ်သန်းရှာပေးရန် ကြိုးစားကြခြင်းဖြစ်သည်။

ဂျက်ဒက်ဇာတိဖွား မစ္စမိုဟာရက်သည် ဒူဘိုင်းအခြေစိုက် တက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်သည်။

သူမသည် အမျိုးသမီးအခွင့်အရေးများကို ကန့်သတ်တားမြစ်ထားသည့် ရှေးရိုးစွဲမှုဆလင်နိုင်ငံ ဆော်ဒီအာရေဗျမှ လာခဲ့ခြင်းဖြစ်သည်။

သူမ၏ရည်ရွယ်ချက် ထမြောက်အောင်မြင်ရန် အတားအဆီးအများအပြားကို ကျော်ဖြတ်လာခဲ့ရသည်ဟု သူမ၏ တောင်တက်အဖွဲ့က ပြောကြားသည်။

ဘီဘီစီ။



တောင်တက်အဖွဲ့ဝင်များကို ဧဝရတ်တောင်ထိပ်၌ တွေ့ရစဉ်။



## တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း လူ နှစ်သိန်း ဒုက္ခရောက်နေကြရဟုဆို

ပေကျင်း မေ ၁၉

တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းလျက်ရှိရာ ပြည်သူ နှစ်သိန်းခန့် ဘေးဒုက္ခများနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း မေ ၁၉ ရက်တွင် သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

တရုတ်နိုင်ငံ ကျန်ဇီဒေသရှိ စီရင်စု ၁၄ တွင် မေ ၁၆ ရက် ကတည်းကစတင်၍ အဆက်မပြတ်သည်းထန်စွာ မိုးရွာသွန်းလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**ပျက်စီးဆုံးရှုံး**

မိုးသည်းထန်စွာရွာသွန်းခြင်း၏ ဆိုးကျိုးအဖြစ် လူနေအိမ် ၅၆၁ လုံး ပျက်စီးပြီး သီးနှံစိုက်ခင်း ၁၂၁၂၀ ဟက်တာ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် စီးပွားရေးအရ နစ်နာဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ သန်းခန့်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။




ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
ရန်ကုန်အရောင်းခန်းမ
Ph:01-545531,01-8603141,09-5008161
နေပြည်တော်အရောင်းခန်းမ
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ
Ph:02-73191, 09-5140655, 09-402571300

## Coldplay ဂီတအဖွဲ့အား အကောင်းဆုံးဂီတဖျော်ဖြေမှုဆု ချီးမြှင့်

ယခုနှစ်အတွက် ဗြိတိန်နိုင်ငံ၏ Silver Clef Award ဆုပေးပွဲ အခမ်းအနားတွင် ဗြိတိန်တေးဂီတအဖွဲ့ Coldplay အား ဗြိတိန်၏ အကောင်းဆုံး တေးဂီတဖျော်ဖြေမှုဆုကို ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။




ထို့ပြင် ၎င်းတို့အဖွဲ့၏ အဆိုပါ အယ်လ်ဘမ်သည် အယ်လ်ဘမ်အချပ်ပေါင်း သန်း ၆၀ ကျော်ရောင်းချခဲ့ရပြီး ဗြိတိန်နိုင်ငံမှ ပေးအပ်ချီးမြှင့်သော ဂီတဆုရှစ်ဆု၊ ဂရမ်မီဆု ခုနစ်ဆုနှင့် အခြားသော ဆုပေါင်းများစွာ ရရှိဆွတ်ခူးခဲ့သော တေးဂီတအဖွဲ့တစ်ဖွဲ့လည်းဖြစ်သည်။

Coldplay ဗြိတိန်တေးဂီတအဖွဲ့သည် ဇွန် ၂၈ ရက်တွင် လန်ဒန်မြို့၌ အကောင်းဆုံးဂီတဖျော်ဖြေမှုဆုအား လက်ခံရယူမည်ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုအပ်နှင်းလေ့ရှိသည့် အဆိုပါ Silver Clef ဆုပေးပွဲသည် တေးဂီတကုထုံးဖြင့် ရောဂါကုသပေးမှုအတွက် ရန်ပုံငွေမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည့် ဂီတလောကမှ အနုပညာရှင်များကို ဂုဏ်ပြုချီးမြှင့်သော ဆုပေးပွဲတစ်ပွဲလည်း ဖြစ်သည်။

## ဘယ်လ်ဂျီယံ၌ ရှိုးပွဲဖျက်သိမ်းခဲ့ရသည့်အတွက် တေးသံရှင် ဘီယွန်စေး ပရိသတ်များအား တောင်းပန်စာပေးပို့

တေးသံရှင် ဘီယွန်စေးက သူမ၏ Mrs Carter ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ဘယ်လ်ဂျီယံနိုင်ငံ Antwerp ၌ ဖျော်ဖြေရမည့် ဂီတဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ရမှုအပေါ် ပရိသတ်များအား တောင်းပန်စာပေးပို့ခဲ့သည်။

ဘီယွန်စေးသည် အဆိုပါဂီတဖျော်ဖြေပွဲ မတိုင်မီတွင် ရေဓာတ်ခန်းခြောက်ပြီး ခြေကုန်လက်ပန်းကျကာ ဂီတဖျော်ဖြေပွဲကို ဆက်လက်မကျင်းပနိုင်တော့သည့် အဆုံးတွင် လက်လျှော့လိုက်ရခြင်းဖြစ်ပြီး ၎င်းဂီတဖျော်ဖြေပွဲကို လာမည့် ဗုဒ္ဓဟူးနေ့တွင် ယခင်အစီအစဉ်များအတိုင်း ပြန်လည်ကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။

"ဒီဂီတဖျော်ဖြေပွဲကို လာရောက်အားပေးဖို့အတွက် လက်မှတ်ဝယ်ထားပြီး စောင့်ဆိုင်းနေကြတဲ့ ပရိသတ်ကြီးကို စိတ်ပျက်စရာဖြစ်သွားစေခဲ့ရင် ကျွန်မတောင်းပန်ပါတယ်။ ကျွန်မ ဘယ်တုန်းကမှ ကျွန်မရဲ့ရှိုးပွဲတွေကို အချိန်မရွှေ့ဆိုင်းခဲ့ဖူးပါဘူး။ ဒါပေမယ့် ဒီတစ်ကြိမ်ဟာ အလွန်ဆိုးဆိုးရွားရွားဖြစ်သွားလို့ပါ"ဟု ဝက်ဘ်ဆိုက် စာမျက်နှာပေါ်မှတစ်ဆင့် ပရိသတ်ကြီးသို့ တောင်းပန်စကားဆိုခဲ့သည်။

ထို့ပြင် တေးသံရှင်ဘီယွန်စေးက ယခုလက်ရှိကျန်းမာရေးအခြေအနေမှာ ကျန်းမာနေပြီဖြစ်ကြောင်း၊ ယခုဖြစ်ရပ်သည် ပရိသတ်ကြီးအား စိတ်ပျက်စေလျှင် အနူးညွတ်တောင်းပန်ပါကြောင်းနှင့် မကြာမီ ပိုမိုပြည့်စုံကောင်းမွန်သောရှိုးပွဲ ပြန်လည်ကျင်းပပေးရန် သူမဘက်က အဆင်သင့်



ဖြစ်နေပြီဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

၎င်းအပြင် ဘီယွန်စေးသည် Mrs Carter ရှိုးပွဲအစီအစဉ်အရ သူမသည် လာမည့်လများအတွင်း ဂီတဖျော်ဖြေပွဲပေါင်း ၄၀ ကျော် ဖျော်ဖြေရမည်ဖြစ်ကာ ဇွန် ၁ ရက်တွင် လန်ဒန်ရှိ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ ထို့ပြင် ဘီယွန်စေးသည် ဩဂုတ်လတွင် ကျင်းပမည့် V ပွဲတော်၌လည်း ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

## ကိုယ်ပိုင်ယောဂသင်တန်းဖွင့်လှစ်လိုတဲ့ သရုပ်ဆောင် ဒမ်မီမိုးရ်

ဟောလိဝုဒ်သရုပ်ဆောင် ဒမ်မီမိုးရ်က သူမ၏ ခင်ပွန်းဖြစ်သူ အက်ရှ်တန်ကက်ချာနှင့် ကွဲကွာပြီးနောက်ပိုင်း ပုံမှန်ယောဂသင်တန်းတစ်ခုသို့ တက်ရောက်လျက်ရှိပြီး ယခုအခါ သူမက စည်းကမ်းစနစ်တကျသတ်မှတ်ထားပြီး သူမကိုယ်တိုင်ပါဝင်မည့် ကိုယ်ပိုင်ယောဂသင်တန်းတစ်ခု ဖွင့်လှစ်ရန် ဆန္ဒရှိနေသည်။

သရုပ်ဆောင် ဒမ်မီမိုးရ်ဟာ သူမကိုယ်ပိုင် ယောဂစတူဒီယိုတစ်ခုဖွင့်လှစ်ပြီး ရောဂါကုထုံးသစ်လိုပုံစံမျိုးနဲ့ တခြားသူတွေကို ကူညီနိုင်ဖို့အတွက် မျှော်လင့်နေပါကြောင်းနှင့် သူမဟာ တစ်ခါတလေမှာ သူငယ်ချင်းဖြစ်သူ ဝီလ်ဟန်နီဂမ်နှင့်အတူ အရင်းနှီးဆုံးသူငယ်ချင်းတွေကို ခေါ်ပြီးတော့ အိမ်မှာလေ့ကျင့်ပေးလေ့ရှိပါကြောင်း ဗြိတိန်မဂ္ဂဇင်းတစ်စောင်က ဖော်ပြထားသည်။

ဒမ်မီနှင့် ဝီလ်သည် အချိန်ပြည့်နီးပါးအတူရှိနေကြသည့် သူငယ်ချင်းများဖြစ်ကြပြီး "သူမဟာ အံ့သြစရာကောင်းတဲ့ အမျိုးသမီးတစ်ဦးပါ။ ကျွန်တော်တို့နှစ်ဦးကလည်း ယောဂသင်တန်းကနေ အရင်းနှီးဆုံးသူငယ်ချင်းတွေဖြစ်လာခဲ့ကြတာပါ။ ဒမ်မီဟာ ယောဂပညာရပ်ကို အတော်ဝါသနာပါတဲ့သူဖြစ်ပါတယ်။ နောက်ပြီးတော့ သူဟာ အချိန်ပြည့်သင်တန်းနည်းပြတစ်ယောက်တော့ဖြစ်လာမှာ မဟုတ်ပါဘူး"ဟု သူမ၏ သူငယ်ချင်းဖြစ်သူ ဝီလ်က ပြောကြားခဲ့သည်။

အသက်(၅၀)အရွယ်ရှိ အမေရိကန်သရုပ်ဆောင် ဟောလိဝုဒ်အကျော်အမော် ဒမ်မီသည် တစ်ဖက်က သူမ၏



အနုပညာအလုပ်များကို အားကြိုး မာန်တက်လုပ်ကိုင်လျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း သူမ ဝါသနာပါသည့် ယောဂသင်တန်းကိုဖွင့်လှစ်ကာ ဘဝကိုပျော်ရွှင်စွာဖြတ်သန်းနေထိုင်သွားမည်ဟု ယူဆရပါကြောင်း အဆိုပါဗြိတိန်မဂ္ဂဇင်းတွင်ဖော်ပြထားသည်။

ဖြိုးစန္ဒာမြင့် ➤ စုစည်းရေးသားသည်

## ရုံတင်ပြသပြီး ၂၂ ရက်အကြာတွင် ဝင်ငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့သည့် Iron Man 3 ဇာတ်ကား

ယနေ့ရုပ်ရှင်လောကတွင် လူကြိုက်များ ရေပန်းစားနေသည့် Iron Man 3 စိတ်ကူးယဉ် သိပ္ပံဇာတ်ကားသည် စတင်ပြသပြီး ၂၂ ရက်အကြာတွင် ပြည်တွင်းရုပ်ရှင်ရုံများမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် ရရှိခဲ့ပြီး နိုင်ငံတကာအတိုင်းအတာအနေဖြင့် ဝင်ငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။




၎င်းအပြင် Iron Man 3 ဇာတ်ကားသည် ပြီးခဲ့သည့် ကြာသပတေးနေ့က စတင်ရုံတင်ပြသခဲ့သည့် Star Trek Into Darkness ဇာတ်ကားနှင့်ဝင်ငွေချင်းအပြိုင်ဖြစ်နေကြောင်းနှင့် Iron Man 3 ဇာတ်ကားသည် တရုတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၀၄ သန်း၊ ကိုရီးယားတွင် ရုံဝင်ငွေ ၅၅ ဒသမ ၆ သန်း၊ အမေရိကန်နိုင်ငံတွင် ၄၉ ဒသမ ၇ သန်း၊ မက္ကဆီကိုနိုင်ငံတွင် ၄၃ ဒသမ ၆ သန်းနှင့် ရုရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၂ သန်းခန့် ရုံဝင်ငွေ အသီးသီး ရရှိခဲ့ကြောင်းသိရသည်။














# ဖယ်ကာအိုအား ပေါင် ၅၄ သန်းဖြင့် မန်စီးတီး သဘောတူညီမှုရရှိ



စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်မှူးဖယ်ကာအိုအား ပြောင်းရွှေ့ကြေးပေါင် ၅၄ သန်းဖြင့် ခေါ်ယူရန် မန်စီးတီးအသင်းက သဘောတူညီမှုရရှိထားကြောင်း သိရသည်။

ထို့ကြောင့် ကိုလံဘီယာတိုက်စစ်မှူး ဖယ်ကာအိုသည် လာမည့်အပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းခေါ်ယူစာချုပ်မည့် ပထမဆုံးကစားသမားဖြစ်လာလိမ့်မည်ဖြစ်ကြောင်းနှင့် မန်စီးတီးအသင်းအနေဖြင့် ဖယ်ကာအိုအား ဗြိတိန် စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် သဘောတူညီမှုရရှိထားခဲ့သည်ဟု ဆိုသည်။

အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဖယ်ကာအိုသည် ကမ္ဘာ့ဘောလုံးလောကတွင် လူကြိုက်အများဆုံးကစားသမားများထဲမှ တစ်ဦးဖြစ်ပြီး လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးနည်းပြဖြစ်လာမည့် စပါယ်ရှယ်ဝမ်းမော်ရင်ဟို၏ စိတ်ဝင်စားမှုခံရသူလည်းဖြစ်သည်။

သို့ရာတွင် ဖယ်ကာအိုကမူ မန်စီးတီးအသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် မျှော်လင့်ထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

# နိုင်ငံလက်ရွေးစင်ဘဝမှ အနားယူခဲ့သော်လည်း အိုးထရက်ဖို့ဒ်နှင့် ဖာဒီနန် စာချုပ်သစ် ချုပ်မည်ဟုဆို

မန်ယူနောက်တန်းကစားသမား ရီယိုဖာဒီနန်သည် ယခုသီတင်းပတ်တွင် မန်ယူအသင်းနှင့် တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုတော့မည်ဖြစ်ကြောင်း သိရသည်။

ဖာဒီနန်ချုပ်ဆိုမည့် အဆိုပါစာချုပ်သစ်သည် မန်ယူနည်းပြသစ်ဖြစ်လာမည့် ဒေးဗစ်မိုယက်၏ မန်ယူအသင်းအတွက် သက်သေပြမှုတစ်ခုဖြစ်ပြီး အသက်(၃၄)နှစ်အရွယ်ရှိ ဖာဒီနန်၏ အိုးထရက်ဖို့ဒ်အနာဂတ်နှင့်ပတ်သက်၍ သံသယရှိမှုများကို အဆုံးသတ်စေလိမ့်မည်လည်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

မန်ယူနောက်တန်းကစားသမား ဖာဒီနန်သည် အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝမှ အနားယူကြောင်း ပြီးခဲ့သည့် သီတင်းပတ်က အတိအလင်းကြေညာထားခဲ့ပြီး ၎င်း၏အိုးထရက်ဖို့ဒ်ကစားသမားဘဝကိုမူ ဆက်လက်ရှင်သန်နေရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ဖာဒီနန်သည် မန်ယူကစားသမားဘဝတွင် ယခုနှစ်ပရီမီယာလိဂ်ဖလားအပါအဝင် ပရီမီယာလိဂ်ဖလား ခြောက်လုံးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော ဗဟိုနောက်ခံလူတစ်ဦးဖြစ်ပြီး ၎င်း၏ မန်ယူအသင်းနှင့် စာချုပ်သည် လာမည့်လတွင် ကုန်ဆုံးတော့မည်ဖြစ်သောကြောင့် ဖာဂူဆန်အနားယူကြောင်း ကြေညာခဲ့ပြီးနောက်တွင် ဖာဒီနန်က မန်ယူနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်ရေး ကမ်းလှမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်းတို့တွင် ကစားခဲ့သည့်အပြင် အင်္ဂလန်အသင်းတွင်လည်း ၈၁ ပွဲအထိ ပါဝင်ကစားပေးခဲ့သည့် ဖာဒီနန်သည် ၂၀၀၂ ခုနှစ်တွင် ပေါင်သန်း ၃၀ ဖြင့် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့ပြီး ထိုအချိန်က ကမ္ဘာ့စျေးအကြီးဆုံး နောက်ခံလူဖြစ်ခဲ့သည်။ လက်ရှိတွင် မန်ယူအသင်းအတွက် ၄၃၁ ပွဲအထိ ကစားပေးခဲ့ပြီးလည်းဖြစ်သည်။

# ရွန်းနီအား ပေါင်သန်း ၃၀ ပေး၍ ခေါ်ရန် ရိုမန်အေဘရာမိုဗစ် ပြင်ဆင်လျက်ရှိ

ချယ်လ်ဆီးအသင်းပိုင်ရှင် ရိုမန်အေဘရာမိုဗစ်သည် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၏ စိတ်ဝင်စားမှုခံထားရသော မန်ယူတိုက်စစ်မှူးရွန်းနီအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ပေး၍ခေါ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် တိုက်စစ်မှူး ရွန်းနီအား ရောင်းချလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သော်လည်း ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ကမူ တိုက်စစ်မှူး ရွန်းနီအား ၎င်း၏လက်ရှိလုပ်ခလစာ ပေါင် ၂၅၀၀၀ နှင့်အတူ ပေါင် သန်း ၃၀ ပေး၍ ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနှင့် ဆက်နွှယ်မှုရှိသော သတင်းဌာနများက ဆိုသည်။

သို့ရာတွင် မန်ယူဂုရုကြီး ဆာအဲလက်စ်ဖာဂူဆန်နေရာတွင် ဆက်ခံမည့်နည်းပြဒေးဗစ်မိုယက်ကမူ မန်ယူအသင်းသို့ ရောက်ရှိစဉ် လုပ်ဆောင်ရမည့် ပထမဦးစားပေးမှာ ရွန်းနီအား အသင်း၌ ဆက်ထိန်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်းနှင့် မကြာမတင်မီကာလတွင် ရွန်းနီနှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆိုသည်။

ချယ်လ်ဆီးနည်းပြအဖြစ် လာမည့်ရာသီတွင် ကိုင်တွယ်ရန်သဘောတူညီပြီးဖြစ်သည့် နည်းပြမော်ရင်ဟိုကလည်း ချယ်လ်ဆီးသို့ ဒုတိယအကြိမ်ပြန်လာစဉ်တွင် ရွန်းနီ၏ အမာခံပရိသတ်တစ်ဦးပီပီ ရွန်းနီအား စတမ်းဖို့ဘရစ်ချ်၌ မြင်တွေ့လိုသည်ဟုဆိုသည်။

# မန်စီးတီးဘယ်နောက်ခံကစားသမား ကလစ်ချီ လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆို

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်း၏ ဘယ်နောက်ခံကစားသမား ကလစ်ချီသည် အသင်းနှင့်လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်သောကြောင့် ၎င်းသည် ၂၀၁၇ ခုနှစ်တိုင်အောင် အီတီဟတ်ဒ်၌ ဆက်ရှိနေမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ပြင်သစ်ကြယ်ပွင့် ကလစ်ချီသည် ၂၀၁၁ ခုနှစ်ဇူလိုင်လက ပြောင်းရွှေ့ကြေးပေါင် ခုနစ်သန်းဖြင့် အာဆင်နယ်အသင်းမှ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ကလစ်ချီသည် အာဆင်နယ်အသင်းမှ ပြောင်းရွှေ့လာခဲ့ချိန်မှစ၍ မန်စီးတီးအသင်းအတွက် ၇၄ ပွဲကစားပေးထားသည်။

ကလစ်ချီသည် အသင်းနှင့်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားကို လက်လွှတ်ခဲ့ရသော်လည်း လာမည့်နှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းသည် ယခုထက်ပိုမိုအင်အားတောင့်တင်းမှု ရှိလာနိုင်ကြောင်းနှင့် ပရီမီယာလိဂ်ဖလား ပြန်လည်ရယူနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်လင်းကြည်




## သာသနာရေးဝန်ကြီးဌာန
## သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် လိုအပ်သော အောက်ပါပစ္စည်းများ ဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

- ရုံးသုံးကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း(Lot-1)
- ဆော့ဖ်ဝဲ(Lot-2)
- ရုံးအသုံးအဆောင်စက်နှင့် စက်ကိရိယာများ(Lot-3)
- လုပ်ငန်းသုံးပစ္စည်းများ(Lot-4)
- အခမ်းအနားသုံးကော်ဇောများ(Lot-5)
- ရုံးသုံးပရိဘောဂများ(နေပြည်တော်)(Lot-6)
- ရုံးသုံးပရိဘောဂများ(ရန်ကုန်)(Lot-7)
- ရုံးသုံးပရိဘောဂများ(မန္တလေး) (Lot-8)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၅-၂၀၁၃ ရက်မှစတင်၍ လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရယူနိုင်ပါသည်။

၃။ ၂၁-၆-၂၀၁၃ ရက် ၁၀း၀၀ နာရီမှ ၁၁း၀၀ နာရီအတွင်း အိတ်ဖွင့်တင်ဒါများကို ကိုယ်တိုင်ဤဝန်ကြီးဌာန စုပေါင်းခန်းမ၊ တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် ထည့်ရမည်။

၄။ တင်ဒါချိန်ကုန်ဆုံးပြီးနောက် တင်ဒါတင်သွင်းသူများနှင့် ပစ္စည်းတင်ဒါကြီးကြပ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါများဖွင့်လှစ်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကြေညာမည်ဖြစ်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်၍ အနိမ့်ဆုံးစျေး ပေးသွင်းသူအား ရွေးချယ်၍ စာချုပ်ချုပ်ဆိုဝယ်ယူမည် ဖြစ်ပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ရုံးအမှတ်(၃၁)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၆၀၄၅



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိပြင်ဦးလွင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | မြစ်သဲ | ၆၁၄ကျင်း |
| (ခ) | ခွဲကျောက်မျိုးစုံ | ၂၇၅၀ကျင်း |
| (ဂ) | ဂျင်းမြေ/ကျောက်ရောမြေ | ၇၁၈ကျင်း |
| (ဃ) | ဘိလပ်မြေ | ၅၅၇တန် |
| (င) | ဘဲစားမြက် | ၃၅၀ကျင်း |

တင်ဒါလျှောက်လွှာပိတ်ရက် - ၃၀-၅-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၂၀-၅-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြင်ဦးလွင်၊ မြို့နယ်အင်ဂျင်နီယာရုံး၊ မတ္တရာ၊ စဉ့်ကူး သပိတ်ကျင်း၊ မိုးကုတ်

ဖုန်း-၀၈၅-၂၂၀၄၃၊ ၀၂-၆၀၂၇၃၊ ၀၂-၇၉၀၁၃၊ ၀၈၆-၃၉၂၆၃၊ ၀၈၆-၃၀၁၃၇၊ ၀၉-၆၅၃၈၄၃၂

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ







## သွေးသည် အသက်

## ဖခင် အမည်မှန်

ဒလမြို့နယ်၊ ထူးကြီးကျေးရွာအုပ်စု၊ ကျူတောကျေးရွာနေ မောင်နေဇာအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိန်ဖြစ်ပါသည်။ ဦးဝင်းစိန်




## ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊အမှတ်(၂၁)ရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မဖြိုးအိအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးမြခိုင်[၁၂/ရပသ(နိုင်)၀၆၁၆၁၈] ဖြစ်ပါကြောင်း။ ဦးမြခိုင်




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃H၊ မြေကွက်အမှတ်-V၁၄၅၊မြေကွက်တည်နေရာ-၇၈၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊ အလုံ(N Begun နှင့် ဒေါ်မိမိကြည်)အမည်ပေါက် နှစ်(၉၀) မြေငှားဂရန်မြေအား ပြည်ထဲရေးဝန်ကြီးဌာန၏ အမွေဆက်ခံခွင့်အမိန့်စာအမှတ်-၂၀၀/၂-၂၂၄/ရေး-၃(၁၇-၁-၁၃)တင်ပြ၍ ၁။ဒေါ်မိမိကြည်[၁၂/အလန(နိုင်)၀၀၃၀၃၁]၊ ၂။ဒေါ်ခင်သန်းသန်း[၉/မမန(နိုင်)၀၂၄၈၄၇]၊ ၃။ဒေါ်ခင်ခင် [၁၂/အလန(နိုင်)၀၃၇၁၀၅]တို့၏ GP-၅၇၈၀/၄-၄-၁၃ ရရှိသူ ဦးနိုင်လင်း [၁၂/အလန(နိုင်)၀၄၁၈၃၇]မှ မှတ်ပုံတင်မိတ္တူ ဂရန်မိတ္တူတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဦးမျိုးမြင့်**

**အသက်(၇၀)**

မြန်မာ့ဆေးပညာလောက၏ ရှေ့ဆောင်လမ်းပြကောင်း ဆရာကြီးဖြစ်ပါသော မြန်မာ့ကျန်းမာရေးလောက၏ ကောင်းကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါသော ရိုသေလေးစားရပါသော ဆရာကြီး ပါမောက္ခ ဒေါက်တာ ဦးမျိုးမြင့် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းရပါသည်။

**ပါမောက္ခဒေါက်တာတိုးလွင်**
**ဒေါက်တာမြင့်မြင့်ရည်နှင့်**
**သားသမီးများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ယခင်ဥက္ကဋ္ဌ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရိုးရောဂါကုပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ယခင်ဥက္ကဋ္ဌ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးဇော်ဝေစိုး-ဇနီးဒေါ်နွယ်နီအောင်နှင့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ယခင်ဥက္ကဋ္ဌ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Prof. Alain PATEL**
**AMFA**
**(association medicale franco-asiatique)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ယခင်ဥက္ကဋ္ဌ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာမြင့်သောင်း-ဒေါ်သန်းသန်းဦးနှင့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)နှစ်**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ယခင်ဥက္ကဋ္ဌ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာတင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာကျော်မြင့်နိုင်-ဒေါက်တာဒေါ်ခင်မြတ်နှင့်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဦးမျိုးမြင့်**

**အသက်(၇၀)**

**မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ**
**မြန်မာနိုင်ငံဆေးပညာရှင်များအသင်းဥက္ကဋ္ဌ**
**ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)ငြိမ်း**
**မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ(ငြိမ်း)**

ရန်ကုန်မြို့၊ ရွှေတောင်ကြား၊ သံလွင်လမ်းနေ ပါမောက္ခအရိုးအထူးကုဆရာဝန်ကြီး၊ ဆရာကြီး ဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရိုးရောဂါကုဆရာဝန်များ၊ မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**မောင်ချမ်းဇိုဇို**

**အသက်(၃၃)နှစ်**

အဖဦးကျင်မောင်(ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဒေါ်ဝါဝါကြည်တို့၏သားကြီး မောင်ချမ်းဇိုဇိုသည် ၁၃-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အင်ဂျင်နီယာမှူးကြီး(စက်မှု)**
**အင်ဂျင်နီယာမှူး(စက်မှု)များနှင့်**
**အောက်မြန်မာပြည်(စက်မှု) ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဦးမျိုးမြင့်**
**အသက်(၇၀)**
**အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး(ငြိမ်း)**

အရိုးရောဂါပညာအဖွဲ့မှ နာယက ပါမောက္ခ ဒေါက်တာ ဦးမျိုးမြင့် အသက်(၇၀) အရိုးခွဲစိတ် အထူးကုဆရာဝန်ကြီး(ငြိမ်း)သည် ၁၅-၅-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အရိုးရောဂါပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်ခင်လေးစားရပါသော ဆရာမကြီးပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ ခင်ပွန်း ဆရာကြီး ပါမောက္ခ ဒေါက်တာ ဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာကြီး ကောင်းရာသုဂတိ လားပါစေ။

**(၁၉၉၃-၉၅) MSC Internal Medicine**
**Batch မှ တပည့်များ**
**ဒေါက်တာဝင်းနီအောင်၊ ဒေါက်တာနော်မေရီဖော၊ ဒေါက်တာဖြူဖြူအောင်၊**
**ဒေါက်တာရည်ရည်နိုင်၊ ဒေါက်တာထွန်းခင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာမျိုးမြင့်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ ပါမောက္ခချုပ်(ငြိမ်း)**

လေးစားရပါသော ဆရာကြီး ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ ကျန်ရစ်သူ ပါမောက္ခဒေါက်တာ တင်တင်အောင်၏ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၁-၁၉၇၉ ချစ်တပည့်များ**
**ဆေးတက္ကသိုလ်(၁)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ယခင်ဥက္ကဋ္ဌ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေရောဂါကုဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ယခင်ဥက္ကဋ္ဌ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငှက်ဖျားစီမံချက်**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဦးမျိုးမြင့်**

**အသက်(၇၀)**

ပါမောက္ခ Dr.တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ Dr.ဦးမျိုးမြင့်[အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ပါမောက္ခချုပ်(ငြိမ်း)ဆေး-၁]သည် ၁၅-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**၁၉၇၄-၁၉၈၂ ချစ်တပည့်များ**
**ဆေးတက္ကသိုလ်(၁)**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဝင်း(ခ)ချွာဟုတ်ဝမ်**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ်(၁၉)နေ ဒါရိုက်တာဦးသိန်းဟန်(ဖီးနစ်)-ဒေါ်မြတ်သဇင်ထူး (ဖီးနစ်ရုပ်ရှင်ထုတ်လုပ်ရေး)၏ဖခင် ဦးကျော်ဝင်း(ခ)ချွာဟုတ်ဝမ်သည် ၇-၅-၂၀၁၃ (အင်္ဂါနေ့) ည ၈း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Doaru Cosmetics**
**Shangrila-Leap International Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

သန်လျင်မြို့၊ အမှတ်(၄)၊ ကျိုက်ခေါက်ဘုရားလမ်းနေ ဦးခင်မောင်လေး (ပ/၂၈၇၆) သည် ၁၃-၅-၂၀၁၃ (တနင်္လာနေ့) တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၁၀)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုချမ်းဇိုဇို**

**အသက်(၃၃)နှစ်**

စိတ်သဘောထားဖြူစင်ပြီး သူတစ်ပါးကို အမြဲကူညီတတ်သော၊ ချစ်စရာကောင်းတဲ့ သူငယ်ချင်း (ချမ်းဇိုဇို) ၁၃-၅-၂၀၁၃ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ မယုံနိုင်စွာ ဝမ်းနည်းကြေကွဲရပါသည်။ စိတ်ထားဖြူစင်သူမို့ ကောင်းရာသုဂတိ ရောက်မယ်လို့ ယုံပါတယ်။ ကောင်းရာဘုံဘဝကို ရောက်ရှိနိုင်ပါစေ။

**ABEမှ ချစ်သူငယ်ချင်းများ**
**မင်းမော်ပိုက်၊ ပြည့်ဖြိုးအောင်၊ နုနုသန့်၊ နန်းဦးခင်၊ မီမီခိုင်စိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဇေယျကျော်ထင်ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)**

**အသက်(၆၅)နှစ်**

ဆရာသမားသဖွယ်၊ ညီအစ်ကိုရင်းသဖွယ်၊ ချစ်ခင်လေးစားရပါသော ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်သည် ၁၆-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဆရာကျော် ကောင်းရာဘုံဘဝ ခံစားစံစားနိုင်ပါစေ။

**ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)နှင့်ဇနီး မိသားစု**
**Bo Minn Bo Construction Co.,Ltd.မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)**
**B.E(Mech) (65 ' Intake R.I.T)**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သမ္မတရုံးဝန်ကြီးဌာန**

သူငယ်ချင်း ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)သည် ၁၆-၅-၂၀၁၃ရက် ည ၇း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၆၄နှင့်၁၉၆၅ ပထမနှစ် ရန်ကုန်စက်မှုတက္ကသိုလ်**
**ကျောင်းသား/ကျောင်းသူဟောင်းသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လှမြိုင်(သီပေါ)(ခ)ဒေါ်နမ်းခမ်းလောဝ်**

ချစ်ခင်လေးစားရပါသော ဆရာမကြီး ဒေါ်လှမြိုင်(ခ)ဒေါ်နမ်းခမ်းလောဝ်သည် ၁၇-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာမကြီး ကောင်းရာဘုံဘဝ ခံစားစံစားနိုင်ပါစေ။

**(၉)မိုင်မိသားစု၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်**
**အသက်(၇၀)**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက် နံနက်၂း၄၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ထိခိုက်ဒဏ်ရာကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ယခင်ဥက္ကဋ္ဌ**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့**

ပါမောက္ခ ဒေါက်တာ တင်တင်အောင်၏ခင်ပွန်း ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သောင်းသောင်း(ပျဉ်းမနား)**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ ဦးတင်ဆန်း-General Manager (Kyaw Wynn & Co.,Ltd.)-ဒေါ်တင်တင်ညွန့်(ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)-မြန်မာ့ရေနံဓာတုလုပ်ငန်း)တို့၏ မိခင်ကြီးသည် ၁၅-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ**
**Kyaw Wynn & Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

ဥက္ကဋ္ဌ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံဆေးကောင်စီ၊ ပါမောက္ခဒေါက်တာဦးမျိုးမြင့် အသက်(၇၀)သည် ၁၅-၅-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါရမီအထွေထွေရောဂါကုဆေးရုံမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဇေယျကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)
**အသက်(၆၅)နှစ်**

ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်(ငြိမ်း)ဇေယျကျော်ထင်ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း) အသက်(၆၅)နှစ်သည် ၁၆-၅-၂၀၁၃ ရက်(ကြာသပတေးနေ့) ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ဝင်း၊ ဦးဇော်ဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်
**အသက်(၇၀)**

**M.B,B.S,FRCS(Edin):Mch ortho (Liver Pool)**

**Dr.Med.Sc (Ygn)(Hon)**

**ဥက္ကဋ္ဌ-မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ ဥက္ကဋ္ဌ-မြန်မာနိုင်ငံဆေးကောင်စီ**

**ပါမောက္ခချုပ်(ငြိမ်း) ဆေးတက္ကသိုလ်(၁) ရန်ကုန်**

မြန်မာနိုင်ငံဆေးလောကအတွက် အစားထိုးမရနိုင်ပါသော၊ ကျွန်တော်တို့ တပည့်များ ကြည်ညိုလေးစားရပါသော ဆရာကြီး ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်အသက်(၇၀)သည် ၁၅-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့)နံနက်တွင် ကွယ်လွန်သွားပါသဖြင့် နှမြောတသ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာစောလှဖြူ**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်
**အသက်(၇၀)**

**အရိုးခွဲစိတ်အကူးကုဆရာဝန်ကြီး**

**ဥက္ကဋ္ဌ-မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့၊ဥက္ကဋ္ဌ-မြန်မာနိုင်ငံဆေးကောင်စီ**

မမ ပါမောက္ခ ဒေါက်တာဒေါ်တင်တင်အောင်၏ခင်ပွန်း ဆရာကြီး ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။ ဆရာကြီး၏ဆုံးမစကား "If Patients are Safe, you will be Safe"အားဦးထိပ်ထားလျက်---

**တပည့်များ မာမာကြည်၊ကိုကို**
**မောင်မောင်စိန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာမျိုးမြင့်

ပါမောက္ခ ဒေါက်တာတင်တင်အောင်၏ခင်ပွန်း မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီး ပါမောက္ခ ဒေါက်တာမျိုးမြင့် သည် ၁၅-၅-၂၀၁၃ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နှလုံးရောဂါကုပညာရှင်အဖွဲ့**
**(မြန်မာနိုင်ငံဆရာဝန်အသင်း)**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာမျိုးမြင့်

မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ဆရာကြီး ပါမောက္ခ ဒေါက်တာမျိုးမြင့်သည် ၁၅-၅-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

**ရန်ကုန်မျက်စိရောဂါအထူးကုဆေးရုံကြီး**
**ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ**

## အထူးကျေးဇူးတင်ရှိခြင်း

၁၆-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားခဲ့သော ဒေါ်ခင်စန်းဝင်း(ငယ်ယာ-၂၊ ပဆင၊ ရမည်းသင်းခရိုင်)၏ခင်ပွန်း၊ မယမုံဦး (Final Part-II မန္တလေးဆေးတက္ကသိုလ်)၏ ဖခင် ကျေးဇူးရှင်ဒေါက်တာအောင်ကြည်၊ရမည်းအသင်း၊အသက်(၆၀)နာရေးကိစ္စသို့ ဝမ်းနည်းကြောင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း အကြောင်းကြား နှစ်သိမ့်အားပေးကြပါသော သူငယ်ချင်းဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးသို့လာရောက်ပို့ဆောင်ခဲ့သောဆွေမျိုးမိတ်သင်္ဂဟများ၊ နာမကျန်းဖြစ်စဉ်က ဆေးဝါးကုသ၍ ပြုစုစောင့်ရှောက်ခဲ့ကြသော ဝိတိုရိယဆေးရုံနှင့် ဗဟိုရ်စည်ဆေးရုံတို့မှ အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ အထူးကြပ်မတ်ဆောင်ရှိ တာဝန်ခံဆရာဝန်၊ ဆရာဝန်မများ၊ သူနာပြုဆရာမများအားလုံးအားလည်းကောင်း၊ ဈာပနကိစ္စအဝဝ ချောမွေ့စွာ ပြီးမြောက်အောင် ကူညီပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ရွှေပြည်သာလမ်းနေ ဦးစိန်ထူး-ဒေါ်မေလှိုင်(၁၉၇၄-ရူပဗေဒ၊ မော်လမြိုင်ကောလိပ်)၏သား မောင်ဇော်မျိုးသက်(မြိတ်)သည် ၁၈-၅-၂၀၁၃ ရက် မွန်းလွဲ ၁း၃၅ နာရီတွင် မြိတ်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၄ ခုနှစ်၊ ရူပဗေဒကျောင်းသား/သူများ၊ မော်လမြိုင်ကောလိပ်)**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာမျိုးမြင့်
**အသက်(၇၀)**

မြန်မာနိုင်ငံ ဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခချုပ်ငြိမ်းဆေး(၁)၊ ပါမောက္ခဒေါက်တာမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆေးပညာဌာန**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာမျိုးမြင့်
**အသက်(၇၀)**

မြန်မာနိုင်ငံဆေးကောင်စီနှင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ(၁၉၉၉-၂၀၀၅)၊ ပါမောက္ခဒေါက်တာမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆရာဝန်အသင်းဆေးပညာအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာမျိုးမြင့်
**အသက်(၇၀)**

ပါမောက္ခဒေါက်တာမျိုးမြင့်[ပါမောက္ခချုပ်(ငြိမ်း)ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်] (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ)သည် ၁၅-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် နှမြောတသစွာ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးဝါးဗေဒအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်း
**အသက်(၈၃)**

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူးရုံးမှ ဒေါ်စန်းစန်းဝင်း(ဦးစီးအရာရှိ စာရင်း)၏မိခင် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်နေ ဒေါ်သန်းသန်း အသက်(၈၃)နှစ်သည် ၁၈-၅-၂၀၁၃ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၈) ဆည်မြောင်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကေထုလိန်း
**အသက်(၇၁)နှစ်**

**အထက်တန်းပြ(ငြိမ်း) အထက(၁၈)နန်းမြို့၊ မန္တလေး**

မြန်မာဆေးဘက်ဆိုင်ရာဓာတ်ခွဲပညာရှင်အသင်းမှ ဘဏ္ဍာရေးမှူး ဦးဇော်ဝင်း (ဦးစီးအရာရှိ-ငြိမ်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ၊ မန္တလေး)၏ ဇနီး ဒေါ်ကေထုလိန်း (၇၁)နှစ်သည် ၁၅-၅-၂၀၁၃ရက် ည ၈ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာဆေးဘက်ဆိုင်ရာဓာတ်ခွဲပညာရှင်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း
### ရဲမှူး မျိုးအောင်(ငြိမ်း) (၆၄)နှစ်
**သူရအပတ်စဉ်(၁၀)**

သူငယ်ချင်း ရဲမှူးမျိုးအောင်(ငြိမ်း)သည် ၁၅-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဖောင်ကြီး သူရ(၁၀) သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးလှကျော်မင်း(ဒိုက်ဦး)
**အသက်(၄၉)နှစ်**

ရန်ကုန်မြို့နေ ဦးစန်းမောင်-ဒေါ်မြမြငွေတို့၏သား ဦးလှကျော်မင်းသည် ၁၂-၄-၂၀၁၃ ရက်တွင် ဂျပန်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**






## ဦးဇော်မြတ်ဝင်း (၇၃)နှစ်

**BSC, BL,DEP,PAIP(UK)**

**RID(Netherlends)**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

**စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ စက်မှု(၁)လမ်း၊ တိုက်(၃၈၉)၊ အခန်း(၁၀)နေ ဦးစိုးမြတ်ဝင်း-ဒေါ်ခင် သိန်းတို့၏ညီ၊ ဦးရဲမြတ်ဝင်း-ဒေါ်ခင်သန်းမြင့်၊ ဦးစိန်လှိုင်-ဒေါ်အေးမြတ်ကြည်ဝင်း၊ (ဦးစိုးဝင်း-ဒေါ်သူဇာမြင့်ဝင်း)တို့၏အစ်ကို ဦးဇော်မြတ်ဝင်းသည် ၁၈-၅-၂၀၁၃ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၃ (တနင်္လာ နေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

## ဦးဇော်မြတ်ဝင်း (၇၃)နှစ်

**BSC, BL,DEP,PAIP(UK)**

**RID(Netherlends)**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှုကြီးကြပ်ရေးနှင့်**

**စစ်ဆေးရေးဦးစီးဌာန**

**စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ စက်မှု(၁)လမ်း၊ တိုက်(၃၈၉)၊ အခန်း(၁၀)နေ (ဒေါ်တင်တင်အုန်း)၊ ဦးကိုကို-ဒေါက်တာရီရီဟန်၊ ဦးတင့်ဇော်-ဒေါ်နီနီ၊ ဦးအေးမြင့်-ဒေါ်စမ်းစမ်းတို့၏ညီ/မောင်၊ ဦးမျိုးမြင့်-ဒေါ်ခင်စောမူတို့၏အစ်ကို ဦးဇော်မြတ်ဝင်းသည် ၁၈-၅-၂၀၁၃ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဆရာမဒေါ်လှမြိုင်(ခ)ဒေါ်နန်းခမ်းလောဝ်
**အသက်(၇၉)နှစ်(သီပေါ)**

သီပေါမြို့၊ ပန်းတိမ်မြောက်ရပ်ကွက်၊ အောင်သပြေလမ်းနေ (ဦးဘညို-ဒေါ်ကြာ)၏သမီး၊ ဦးမြအောင်-ဒေါ်ညွန့်၏ညီမ၊ (ဦးသန်းညွန့်-ဒေါ်ရွှေပု)၏အစ်မ၊ သီပေါမြို့နေ ဦးစိုင်းမြင့်သောင်း-ဒေါ်နန်းမေသူ(အထက-၁၊ အလုံ)၊ ဒေါ်နန်းအေးအေး၊ မန္တလေးမြို့နေ ဦးစိုင်းမြင့်ကြည်(ကိုအားလုံ)-ဒေါ်အေးအေး(ဆွေမြဂိတ်)တို့၏မိခင်၊ မောင်ရဲနောင်ကိုကို(B.M.B Co.,Ltd.)-နန်းရှုပါမြင့်သောင်း(Asian Wings Airways)၊ စိုင်းဇင်ယော်မြင့်သောင်း(Myanma Airways)၊ နန်းကြည်သန္တာသိမ့်၊ နန်းခင်အိန္ဒြာဦးတို့၏အဘွား၊ သီပေါမြို့နေ ပွဲစားကြီး ဦးတူး၏ ချစ်လှစွာသောဇနီး ဆရာမဒေါ်လှမြိုင် (ခ) ဒေါ်နန်းခမ်းလောဝ်သည် ၁၇-၅-၂၀၁၃ (သောကြာနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သီပေါမြို့ နမ့်မိန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာမျိုးမြင့်
**အသက်(၇၀)**

ပါမောက္ခဒေါက်တာမျိုးမြင့်[ပါမောက္ခချုပ်(ငြိမ်း)ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်] (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ)သည် ၁၅-၅-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် နှမြောတသစွာ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
### ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်

**အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး**

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ**

**ပါမောက္ခချုပ်(ငြိမ်း)ဆေး-၁**

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)(၁၉၉၉-၂၀၀၅)ဦးဆောင်နာယက**

**ဗဟိုရ်စည်အထူးကုဆေးရုံ**

**အသက်(၇၀)**

ပါမောက္ခဒေါက်တာတင်တင်အောင်(ဌာနမှူး-ငြိမ်း၊ ဆေးပညာဌာန၊ ဆေး-၂၊ သမားတော်ကြီး)၏ခင်ပွန်း ဆရာကြီးဒေါက်တာ ဦးမျိုးမြင့် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူးနှင့်တပည့်များ**
**ဆေးပညာဌာနဆေးတက္ကသိုလ်(၂)ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာဦးမျိုးမြင့် အသက်(၇၀)

**ပါမောက္ခချုပ်(ငြိမ်း)ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ**

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)(၁၉၉၉-၂၀၀၅ )**

ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးပညာဌာန၊ ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ပါမောက္ခဒေါက်တာဒေါ်တင်တင်အောင်၏ခင်ပွန်း ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပါမောက္ခချုပ်(ငြိမ်း)၊ ပါမောက္ခဒေါက်တာဦးမျိုးမြင့်သည် ၁၅-၅-၂၀၁၃ ရက် နံနက် ၂း၄၉ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာဦးမျိုးမြင့်
**အသက်(၇၀)**

ပါမောက္ခဒေါက်တာ ဦးမျိုးမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ)၊ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့)၊ ပါမောက္ခချုပ်(ငြိမ်း) ဆေးတက္ကသိုလ်(၁)ရန်ကုန်သည် ၁၅-၅-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူး၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ**
**ကျန်းမာရေးစောင့်ရှောက်မှုစေတနာလုပ်အားရှင်အဖွဲ့**
**(H.C.V.G) မြန်မာနိုင်ငံဆရာဝန်အသင်းဗဟို**

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
### ဒေါ်စန်း(ခ)ဒေါ်စန်းရင်
**အသက်(၆၆)နှစ်**
**(မြောင်းမြ)**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၂၀၂)၊ ဦးဘချိုလမ်းနေ (ဦးလှရွှေ)-ဒေါ်သန်းခင်တို့၏သမီး၊ (ကိုအုန်းကြိုင်)-မရင်ရင်မေ၊ ဦးတင်ဝင်း-ဒေါ်စန်း စန်းမြင့်တို့၏အစ်မကြီး၊ (ဦးစိန်လှိုင်)၏ဇနီး၊ ကိုခင်ဇော်ဝင်း-မမာမာဦး၊ ကိုအေးတင့်-မခင်ခင်ဌေး၊ ကိုစံရွှေမြင့်၊ ဒေါက်တာထွန်းထွန်းဝင်း-ဒေါက်တာ အေးအေးဟန် (ရွှေကျင်ပြည်သူ့ဆေးရုံကြီး)၊ ကိုဝေမင်းဖြိုး(ခ)ဝလေး(ကရုဏာရှင်လူငယ်များအသင်း)-မမေနှင်းထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ၁၆-၅-၂၀၁၃ ရက်တွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၁၈-၅-၂၀၁၃ရက် မွန်းလွဲ ၁ နာရီတွင် ဘုရားချောင်းရွာမသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
### ဒေါ်ရင်စိန်(မိတ္ထီလာ)
**အသက်(၈၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၂၉၇)၊ အခန်း(၁၂)နေ (ဦးစိန်လွင်-ဒေါ်ဖွားသင်)တို့၏သမီး၊ [ဦးသောင်းရွှေ (ရ-ပ-က-ရ)]၏ ဇနီး၊ [ဒုတိယဗိုလ်မှူးကြီး စိုးမောင်(ငြိမ်း)-ဒေါ်မြမြစိန်]တို့၏ညီမ၊ (ဦးမင်းအောင်)-ဒေါ်ခင်ဥမ္မာ(လယ်/ပြ၊ အလက-၅၊ ရန်ကင်း)၊ ဦးတင်မောင်စိုး-ဒေါ်မေဆန်းလွင်၊ (ဒေါ်တင်မာထွေး) တို့၏အဒေါ်၊ မောင်စွမ်းပြည့်အောင် (DCA)၊ မဖြူစင်မိုးပွင့် (1st Year EPP, National Management College)၊ မစုလတ်မေ(Grade-11-A၊ အထက-၁၊ ရန်ကင်း)တို့၏အဘွားသည် ၁၄-၅-၂၀၁၃(အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

20-5(22).pmd 1 5/18/2013, 10:01 PM



ရန်ကုန်စီးပွားရေးလမ်းညွှန်



မန္တလေးစီးပွားရေးလမ်းညွှန်

တကယ်
အသုံးတည့်တဲ့
လမ်းညွှန်

2013 LUCKY DRAW PROGRAM

(ဖေဖော်ဝါရီလ မှ မေလ- ၂၀၁၃)အတွင်း ကြော်ငြာထည့်သွင်းကြသော ကြော်ငြာရှင်များအတွက်

APPLE NEW IPAD & I PAD MINI

50 လုံး အပြင်

နှစ်ကုန် ကံစမ်းမဲအစီအစဉ်အဖြစ်



APPLE MAC BOOK AIR, I PHONE-5
နှင့် အခြား လက်ဆောင်ပစ္စည်းများကို
မဲဖောက်ပေးမှာဖြစ်ပါတယ်။

YBD MBD

ဆက်သွယ်ရန်- ၀၁-၃၇ ၃၄ ၃၇၊ ၃၇ ၃၄ ၃၉၊ ၀၂- ၇၂၂၀၀



ဝင်းဝေ
ရေကြည်ရေသန့် ဝတ္ထုတိုများ



အောင်မြင်သူ
မကောင်းတာပြောတယ်
မပြောတာကောင်းတယ်



AGGA Travel & Tours Co., Ltd
ကားငှားမယ်ဆို သတိရပါ



IVECO = 19 Seaters
HIACE(G.L)= 14 Seaters
HIACE Limited = 7 Seaters
Alphard = 7 Seaters
Saloon = 4 Seaters

www.aggatravel.com www.facebook.com/aggatravel
Hot Line: 09 500 99 30, 01 383665


## ကန့်ကွက်နိုင်ပါသည်

လွှဲအပ်ခြင်းခံရသူ ရှေ့နေများ

ဦးဝင်းဖေ (စဉ်-၆၂၃၃) B.A,LL.B, B.C.S,B.J.S
ဒေါ်မေရှည်မိုးဦး LL.B, D.B.L(စဉ်-၈၀၀၂)
ဒေါ်နိုင်ဇင်ဦး LL.B,D.B.L
ဒေါ်နိုင်နိုင်ဝင်း LL.B,D.B.L

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ

☎ - 510760, 510940, 510950, 500643, 502517, 2304311

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၄၃၁/က)နေ(ဦးစန်းမြင့်)-ဒေါ်လှဆွေတို့၏သားဖြစ်သူ မောင်ထင်အောင်စန်း[၁၂/လမန(နိုင်)၀၄၂၃၁၂]ကိုင်ဆောင်သူသည် မိခင်နှင့် မောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းအားသား အဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှဆွေ(ထန်းတပင်)**
**[၁၂/လမန(နိုင်)၀၄၂၃၀၈]**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းစခန်း၊ ဘီလပ်မြေ စက်ရုံများနှင့် ရန်ကုန်စတိုတို့မှ စီမံကိန်းနေရာများသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန်မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၀-၅-၂၀၁၃ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၃၁-၅-၂၀၁၃ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်လေလံကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ အောက်ဖော်ပြပါပြန်လည်ပြုပြင်သုံးစွဲရန် မသင့်တော့သည့် ပစ္စည်းဟောင်းများကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အိတ်ဖွင့်လေလံပြုလုပ်မည့်နေ့ရက်နှင့်အချိန် |
|---|---|---|
| (၁) | ဝန်ချီစက်အဟောင်း(၁)စီး | ၅-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ၁၀း၃၀နာရီ |
| (၂) | လုပ်ငန်းသုံးစက်ကိရိယာ(၁၄)မျိုး | ၁၁-၆-၂၀၁၃ရက်(အင်္ဂါနေ့) ၁၀း၃၀နာရီ |

၂။ အိတ်ဖွင့်လေလံပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားနောက်ဘက်) ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၁-၅-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး တယ်လီဖုန်း ၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**


အကောင်းကြိုက်သူများအတွက်
သန့်
ဖုန်း- 681209, 681504, 682934, 09 73249922



ဦးဝင်းကို B.Com(Q), C.P.A, ACCA (III), Accounting Gold Medalist
LCCI LEVEL 1,2,3
စာရင်းကိုင်သင်တန်းများ
JUNE(15)2013 မှစ၍
Tel: 09 550 7139, 09 511 8648



၆၅၀၀ ကျပ်ဖြင့်



ကျွမ်းကျင်စကားပြန်များ အမြန်အလိုရှိသည်

Myanmar Translation Co., Ltd

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေး တက်ရောက်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ချင်းမိုင်မြို့ရှိ International Convention & Exhibition Centre ၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဆိုပါအခမ်းအနားတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Plodprasop Suraswadi ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ချင်းမိုင်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးနှင့် ဗန်ကောက်မြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် ကုလသမဂ္ဂ ဗုဒ္ဓနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် မေ ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ချင်းမိုင်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့အား ချင်းမိုင်ပြည်နယ်ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ကျလန်လစ် ဆန်ဝမ်စဝ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ချင်းမိုင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Imperial Hotel သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မေ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ချင်းမိုင်မြို့ရှိ International Convention & Exhibition Centre ၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တာဂျစ်ကစ္စတန်နိုင်ငံသမ္မတ၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်၊ အာရှ-ပစိဖိတ်ဒေသအတွင်းရှိနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ✱

# ပင်လယ်ကြမ်းပြင်လွှာ၌ ရွှေတူးဖော်ရေး ခြေလှမ်းတစ်ရပ် စတင်

ဘာသာပြန် ဟိန်းထက်လင်း



ပင်လယ်ကြမ်းပြင်အလွှာအတွင်း ရွှေရှာဖွေတူးဖော်မှုလုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် ခြေလှမ်းသစ်တစ်ရပ်ကို စတင်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့က ပြီးခဲ့သည့်ရက် အနည်းငယ်က ထုတ်ပြန်ကြေညာခဲ့သည်။

ကုလသမဂ္ဂ၏ နိုင်ငံတကာပင်လယ်ကြမ်းပြင်ဆိုင်ရာ အာဏာပိုင်အဖွဲ့၏အဆိုအရ ပင်လယ်ကြမ်းပြင် မြေသားအလွှာတွင် ပါဝင်သော သတ္တုကြွယ်ဝမှုရှိသည့် ကျောက်တုံး၊ ကျောက်သားစိုင်များမှ ရွှေကိုထုတ်ယူမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ပင်လယ်ကြမ်းပြင်မှ ရွှေသယံဇာတ ရှာဖွေထုတ်လုပ်လိုသော ကုမ္ပဏီများအနေဖြင့် ၂၀၁၆ ခုနှစ်တွင် လိုင်စင် စတင်လျှောက်ထားနိုင်ကြမည်ဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ဆိုသည်။

ပင်လယ်ကြမ်းပြင်မှ ရွှေ၊ ကြေးနီ၊ ကိုဘော့သတ္တု အစရှိသည်တို့ကို တူးဖော်မည့်အစီအမံများ ယခင်ကာလများစွာက တည်ရှိခဲ့ကြောင်း၊ သို့သော် တူးဖော်မှုအပိုင်းတွင် စရိတ်စကများပြားနေမှုနှင့် နည်းပညာ မလုံလောက်မှုတို့ကြောင့် အထမမြောက်ဘဲ ပျက်ပြယ်ခဲ့ရကြောင်း ကုလသမဂ္ဂအဖွဲ့အစည်း၏အဆိုအရ သိရသည်။

ယင်းသို့ ပင်လယ်ကြမ်းပြင်မှ ရွှေတူးဖော်ရေးခြေလှမ်းသစ်တစ်ရပ် စတင်ခရီးဆန့်လာမှုများ ရှိလာခြင်းနှင့် ပတ်သက်၍ အချို့သောသူများက ယင်းသို့လုပ်ဆောင်ခြင်းကြောင့် ပင်လယ်ပြင်၏ ဂေဟစနစ်ကို ဖျက်ဆီးရာရောက်နိုင်သည်ဟု ထင်ကြေးပေးပြောဆိုလျက်ရှိသည်။

# ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်း၌ ကုန်တင်ယာဉ် တိမ်းမှောက်

**ပေါင် မေ ၁၉**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းပေါ်၌ မေ ၁၅ရက် နံနက် ၅ နာရီခွဲခန့်တွင် ရန်ကုန်မှရေးမြို့သို့ ကုန်ပစ္စည်းတင်ဆောင်လာသော ၁ဂ/---နစ်ဆန်း အမျိုးအစား ၁၂ ဘီးတပ် ကုန်တင်ယာဉ်သည် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ မိုင်တိုင်အမှတ်(၁၇၉/၄)နှင့် (၁၇၉/၅)အကြား တံတားအမှတ် ၂/၁၈၂ အနီးတွင် မိုးရွာသွန်းမှုကြောင့် လမ်းချော်ကာ လမ်းပေါ်၌ ကန့်လန့်ဖြတ်အနေအထား တိမ်းမှောက်သွားကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ငွေကျပ် ငါးသိန်းခန့် ဆုံးရှုံးသွားသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။ (မဉ၄)




